ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၅ ရက်၊ သောကြာနေ့၊ (6-4-2007) (၅၂၈၄)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေ
(နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၅/၂၀၀၇)
၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၄ ရက်
(၂၀၀၇ ခုနှစ်၊ ဧပြီလ ၅ ရက်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်–

အခန်း(၁)

အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်–

(က) **ကျန်းမာရေးလုပ်ငန်း**ဆိုသည်မှာ ကျန်းမာရေးနှင့်သက်ဆိုင်သော အသိပညာနှင့်အပြုအမူကို မြှင့်တင်ခြင်း၊ ရောဂါကြိုတင်ကာကွယ်ခြင်း၊ ရောဂါရှာဖွေခြင်း၊ ရောဂါကုသခြင်း၊ ကျန်းမာရေး ပြန်လည်ထူထောင်ခြင်းနှင့် သုတေသနပြုခြင်းများအပါအဝင် ကျန်းမာရေးနှင့်သက်ဆိုင်သော အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုပညာဆိုင်ရာလုပ်ငန်း တစ်ရပ်ရပ်ကို ဆိုသည်။

(ခ) **ကျန်းမာရေးစောင့်ရှောက်မှု**ဆိုသည်မှာ ရုပ်ပိုင်း၊စိတ်ပိုင်းနှင့် လူမှုရေးပိုင်းဆိုင်ရာ၊ ကျန်းမာမှုအဆင့်မြှင့်တင်ခြင်း၊ ရောဂါကြိုတင်ကာကွယ်ခြင်း၊ ရောဂါရှာဖွေခြင်း၊ ရောဂါကုသခြင်း၊ ကျန်းမာရေးပြန်လည်ထူထောင်ခြင်းနှင့် သုတေသနပြုခြင်းများအပါအဝင် ကျန်းမာရေးနှင့်သက်ဆိုင်သော အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုပညာဆိုင်ရာ ဆောင်ရွက်မှုများကို ဆိုသည်။

(ဂ) **ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်း**ဆိုသည်မှာ ပုဂ္ဂလိကအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက အကျိုးအမြတ်ရရှိရန် ရည်ရွယ်၍ဖြစ်စေ၊ အကျိုးအမြတ်ရရှိရန် မရည်ရွယ်ဘဲဖြစ်စေ လုပ်ကိုင်သော ပုဒ်မ ၇ ပါ ကျန်းမာရေးလုပ်ငန်း တစ်ရပ်ရပ်ကို ဆိုသည်။

(ဃ) **ပုဂ္ဂလိကဆေးခန်း**ဆိုသည်မှာ ပြင်ပလူနာများအတွက် ကျန်းမာရေးလုပ်ငန်းကို ပုဂ္ဂလိကလုပ်ငန်းအဖြစ် ဆောင်ရွက်ရန် သတ်မှတ်ထားသည့် အင်္ဂါရပ်များနှင့်အညီ စနစ်တကျ တည်ထောင်ဖွင့်လှစ်သော ဆေးခန်းကိုဆိုသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❒

ပဲခူးတိုင်းဒေသကြီးရှိပြီးဖြစ်သည့် မြေသယံဇာတ၊ ရေသယံဇာတများ အကျိုးရှိအောင်အသုံးချ တစ်သီးမှနှစ်သီး၊ နှစ်သီးမှသုံးသီးစားဖြစ်ရန် သတ်မှတ်သီးနှံပုံစံနှင့်အညီ စိုက်ပျိုး

နေပြည်တော် ဧပြီ ၅

ပဲခူးတိုင်း ပြည်မြို့နယ် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲအခမ်းအနားကို ဧပြီ ၃ ရက် နံနက် ၇ နာရီခွဲတွင် ပြည်မြို့ရှိ မြို့နယ်ခြံစည်းရိုးကြက်ဆူစိုက်ခင်း၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း တက်ရောက်အားပေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

ကြည့်ရှုအားပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ပေါင်းတည်မြို့နယ် ကြူတောကန်ကွင်းတွင် တောင်သူများ စုပေါင်းမြေဩဇာ ကြဲပက်နေမှုနှင့် တမန်းနှိုးပေါင်းလိုက်နေမှုတို့ကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၆-၄-၂၀၀၇
(သောကြာနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စံပြကျေးရွာများ တိုးမြှင့်ဖွင့်လှစ် ကျေးလက်ပြည်သူများလူမှုစီးပွားတိုးတက်

နိုင်ငံတော်က ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းကူညီပေးနေသည်။ စိုက်ပျိုးရေနှင့် သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေးအပါအဝင် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်စေရန် အခြေခံအဆောက်အအုံများစွာကို စဉ်ဆက်မပြတ်တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။

ကျေးရွာချင်းဆက်၊ မြို့နယ်ချင်းဆက်၊ ခရိုင်ချင်းဆက်လမ်းများနှင့် တံတားကြီးငယ်အသွယ်သွယ်ကိုလည်း တိုးမြှင့်ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိရာ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့သဖြင့် ကုန်စည်စီးဆင်းမှုနှင့် ဒေသထွက်ကုန် ရောင်းဝယ်တင်ပို့မှုများ မြန်ဆန်သွက်လက်လျက်ရှိသည်။

မန္တလေးတိုင်း မြင်းခြံမြို့နယ် သာပေါင်းကျေးရွာအနီး ဆောက်လုပ်ခဲ့သည့် သာပေါင်းတံတားသစ်ဖွင့်ပွဲနှင့် မြင်းခြံ-သာပေါင်း ကတ္တရာလမ်းသစ်ဖွင့်ပွဲတို့ကို မတ်လ ၂၀ ရက်နေ့က ကျင်းပခဲ့သည်။ ယခင်က မိုးရာသီ တွင် တောင်ကျရေများကြောင့် ယာဉ်နှင့်ပြည်သူများ ခရီးဖင့်နှောင့်နှေးမှုများ ကြုံတွေ့ခဲ့ရသော်လည်း ယခုအခါ မြင်းခြံမြို့သို့ ရာသီမရွေးလွယ်ကူစွာ ဆက်သွယ်သွားလာနိုင်ကြပြီဖြစ်သည်။

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်ရှိ ဒေးပေါက်စံပြကျေးရွာ၊ ဒေါပုံစုကျေးရွာ၊ ရွှေဘိုစုကျေးရွာနှင့် ငွေးပင်ချောင်ကျေးရွာများရှိ သဘာဝအလျောက်ထွက်ရှိနေသည့် ဓာတ်ငွေ့ကိုအသုံးပြု၍ ကျေးရွာမီးလင်းရေးလုပ်ငန်းများကို မတ်လ ၂၅ ရက်နေ့က စတင်ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။ အဆိုပါ ကျေးရွာများရှိ ဓာတ်ငွေ့တွင်းများ၏ ဓာတ်အားပေးယူနစ်များမှ အိမ်မီးနှင့် လမ်းမီးများ ဖြန့်ဝေသုံးစွဲနေကြပြီဖြစ်သည်။

စစ်ကိုင်းတိုင်း မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ် သရောင်းစံပြကျေးရွာနှင့် သရောင်းတိုက်နယ်ဆေးရုံတို့ကို မတ်လ ၃၀ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုကို ဖော်ညွှန်းနေသည့် စံပြကျေးရွာများတွင် ကျေးလက်မီးလင်းရေးအပါအဝင် ကျောင်းဆောင်သစ်၊ စာကြည့်တိုက်နှင့် ကျေးလက်ကျန်းမာရေးဌာနတို့ ပြည့်စုံစွာတည်ရှိနေသဖြင့် ကျေးလက်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အသိပညာ ဗဟုသုတတိုးပွားမှုတို့အတွက် အထောက်အကူပြုလျက်ရှိသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် စေတနာရှင်ပြည်သူများက ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို လက်တွဲညီညီ ကြိုးပမ်းဖော်ဆောင်လျက်ရှိရာ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ညွှန်းနေသည့် စံပြကျေးရွာအများအပြား ပေါ်ထွက်လာမှုနှင့်အတူ ကျေးလက်ပြည်သူများ၏ လူမှုစီးပွားများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ ။

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာ ကျောင်းတော်အတွင်း ကုန်းတော်မြတ်နေရာ၌ ဗုဒ္ဓဂယာ အောင်မြေဗောဓိ မဟာဗောဓိစေတီတော်မြတ်ပုံစံတူ ဗုဒ္ဓဂယာမဟာဗောဓိ သိမ်တော်မြတ်စေတီတော် တည်ထားကိုးကွယ်ရန်အတွက် စမ်းချောင်းမြို့နယ် မြေနီကုန်းမြောက် ဈေးလမ်းနေ ကွယ်လွန်သူ နှစ်ဖက်မိဘများအား ရည်စူး၍ ဦးထွန်းအောင်-(ဒေါ်တင်လှိုင်) မိသားစုက ငွေကျပ် ၁၀၀၀၀၀ ကို ဘဒ္ဒန္တဉာဏိန္ဒ (ဗုဒ္ဓဂယာဆရာတော်၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဗုဒ္ဓဂယာမြန်မာကျောင်း ပဓာနနာယက ဆရာတော် အိန္ဒိယနိုင်ငံ ပရဒေသီထံ ဆက်ကပ်လှူဒါန်းစဉ်။
(ကြေးမုံ)

ရေကြောင်းသိပ္ပံနှင့် နည်းပညာဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဧပြီ ၅

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၏ Seminar on Maritime Technology 2007 ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂ ရက် မွန်းလွဲပိုင်းတွင် သန်လျင်မြို့ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ဟောပြောပွဲခန်းမ၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတက်ရောက်၍ အမှာစကားပြောကြားသည်။

ဝန်ကြီးက မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၏ ပထမဦးဆုံးအကြိမ် ရေကြောင်းသိပ္ပံနှင့် နည်းပညာဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ ဖြစ်ကြောင်း၊ နိုင်ငံအသီးသီးရှိ ပညာရှင်များနှင့် အစဉ်ထိတွေ့ နည်းပညာနှီးနှောဖလှယ်ပြီး ပြည်တွင်းရှိ နည်းပညာဆိုင်ရာ အခက်အခဲများကို ဖြေရှင်းပေးကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဦးသိန်းထွန်း၊ ဝန်ကြီးဌာနအောက်ရှိ ဌာနများမှ တာဝန်ရှိသူများ၊ ဌာနမှူးများ၊ စာတမ်းဖတ်ကြားမည့်သူများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဦးသိန်းထွန်းက Seminar on Maritime Technology 2007 နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဖွင့်ပွဲအထိမ်းအမှတ်တံဆိပ်ကို ဝန်ကြီးအားပေးအပ်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ Seminar on Maritime Technology 2007 ကို ဧပြီ ၂ ရက်မှ ၃ ရက်အထိ ဆက်လက်ကျင်းပပြီး

၂၀၀၃ ခုနှစ် စက်တင်ဘာလမှ ၂၀၀၇ ခုနှစ် မတ်လအထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ပြီး သက်ဆိုင်ရာ မဟာဘွဲ့များကို သင်ကြားတတ်မြောက်ခဲ့သူ ၁၆ ဦးနှင့် ဂျပန်နိုင်ငံမှ မဟာဘွဲ့ရယူပြီး ပြန်လည်ရောက်ရှိလာသူ နှစ်ဦးတို့က မိမိတို့ တက်ရောက်ခဲ့သော ပြည်ပ သင်တန်းများမှ သင်ကြားလေ့လာ တတ်မြောက်ခဲ့သော ဘာသာရပ်နှင့် ပတ်သက်၍ ဟောပြောပို့ချကြသည်။

ထို့နောက် ဝန်ကြီးသည် မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ်တွင် ဆောက်လုပ်ပြီးစီးသော အပန်းဖြေရိပ်သာနှင့် အားကစားဆောင်၊ စာသင်ဆောင်များအားလည်းကောင်း၊ ဆောက်လုပ်ဆဲ စာသင်ဆောင်အမှတ်(၅) တည်ဆောက်ရေးလုပ်ငန်းအား လည်းကောင်း၊ ဘွဲ့နှင်းသဘင်ဆောက်လုပ်မည့် မြေနေရာအားလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်း၌ ပြည်ပသို့ ပဲအိတ်များ သင်္ဘောတင်နေမှု၊ အကောက်ခွန်ဌာနမှ ပစ္စည်းများ ဖွင့်ဖောက်စစ်ဆေးနေမှုနှင့် X Ray Machine စက်ဖြင့် စစ်ဆေးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

အမှာစကား ပြောကြား

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ်၏ Seminar on Maritime Technology 2007 ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။
(ပို့ဆောင်ရေး)

ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဓမ္မပူဇာသဘင်

ရန်ကုန် ဧပြီ ၅

ပုဇွန်တောင်မြို့နယ် (၆)ရပ်ကွက် တပ်မြေမိသားစု၏ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ (၃၉)ကြိမ်မြောက် ဒေသစာရီကြွချီပွဲကို မြန်မာနှစ်ဆန်း တစ်ရက်(ဧပြီ ၁၇ရက်)တွင် ပုဇွန်တောင်မြို့နယ် (၆)ရပ်ကွက်နှင့် တောင်လုံးပြန်ရပ်ကွက်၊ နှစ်ဆန်း ၂ ရက် (ဧပြီ ၁၈)ရက်တွင် အမှတ်(၂၊ ၃၊ ၄၊ ၅)ရပ်ကွက်များနှင့် ရာဇာဓိရာဇ်အိမ်ရာ၊ နှစ်ဆန်း ၃ ရက် (ဧပြီ ၁၉ရက်) တွင် အမှတ်(၇၊ ၈၊ ၉) ရပ်ကွက်များနှင့် ကျိုတော်ရပ်ကွက်၊ နှစ်ဆန်း ၄ ရက် (ဧပြီ ၂၀ရက်)တွင် (၁)ရပ်ကွက်နှင့် (၁၀)ရပ်ကွက်များသို့ လှည့်လည်အပူဇော်ခံမည်ဖြစ်ပြီး ဓမ္မပူဇာသဘင်ကို ဧပြီ ၂၃ ရက်တွင် အရှင်ကောသလ္လ (ဓမ္မစေတီ)၊ ဧပြီ ၂၄ ရက်တွင် အရှင်ဇဝန (မေတ္တာရှင်)၊ ဧပြီ ၂၅ ရက်တွင် ဒေါက်တာအရှင်ကောဝိဒ (မဇ္ဈိမဂုဏ်ရည်) ဆရာတော်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ညစဉ် ၇ နာရီတွင် ဟောကြားချီးမြှင့်မည်ဖြစ်သည်။
(က-ပ)

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာ ကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီ (ရွှေသိင်္ဂီရတနာဓမ္မာရုံ ၉၈ ရွှေဘုံသာလမ်း ပန်းဘဲတန်းမြို့နယ်)သို့ မိဘများနှင့် ဒေါ်နှင်းကြည်အားရည်စူး၍ အလုံမြို့နယ် အလုံလမ်းနေ ဦးစိုးမြင့် မိသားစုက ငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ အတွင်းရေးမှူး ဦးမြင့်ဆွေလက်ခံယူစဉ်။
(က-ပ)

ဗိုလ်တထောင်မြို့နယ် ရောဝတီ ရေတပ်စခန်းဌာနချုပ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲမှ ကြီးမှူးဖွင့်လှစ်သည့် ပန်းအလှပြင် (အခြေခံနှင့်အဆင့်မြင့်) သင်တန်းတွင် ရန်ကုန်အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်အေး အခြေခံပန်းအလှပြင်ဆင်ခြင်း လက်တွေ့သရုပ်ပြ ပို့ချစဉ်။
(ကြေးမုံ)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် ဧပြီ ၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌအဖြစ် ယင်းဘဏ်မှ ဒုတိယ ဥက္ကဋ္ဌ ဦးသန်းညိန်းအား တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

❖ **ရှေ့ဖုံးမှ**

အဆိုပါ အခမ်းအနားသို့ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိန်မြင့်၊ ဌာနဆိုင်ရာ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင်က မြို့နယ်အတွင်း ၂၀၀၆ ခုနှစ်တွင် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးနိုင်ခဲ့မှု၊ ၂၀၀၇ ခုနှစ်အတွင်း စိုက်ပျိုးရန်လျာထားချက်၊ စိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက်စိုက်ပျိုးရန် စီစဉ်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အထူးသီးနှံဖြစ်သည့် ခြံစည်းရိုးကြက်ဆူမှာ စက်သုံးဆီ အစားထိုး ဇီဝလောင်စာဆီ ထုတ်ယူအသုံးပြုနိုင်သဖြင့် မြေလွတ်မြေရိုင်းများ ဖော်ထုတ်တိုးချဲ့စိုက်ပျိုးသွားကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် တိုင်းမှူးတို့က ကြက်ဆူမျိုးစေ့များနှင့် ပျိုးကိုင်းများကို လူမှုရေးအသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများထံ ပေးအပ်ကြပြီး ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ၏ ခြံစည်းရိုးကြက်ဆူ စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌတို့က ခြံစည်းရိုးကြက်ဆူပျိုးကိုင်းများကို ပျိုးထောင်ပေးကြပြီး ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ ပျိုးထောင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ဖြည့်စွက်ရှင်းလင်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပန်းတောင်းမြို့နယ်ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ ကြံခင်း–ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ကြံခင်း–ဥသျှစ်ပင်အပိုင်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ မြန်မာ့မီးရထားမှ စီမံကိန်းအင်ဂျင်နီယာ ဦးမျိုးဝင်းက ရထားလမ်းပိုင်းအလိုက် တည်ဆောက်နေမှု၊ လမ်းပိုင်းတွင် ပါဝင်သော ဘူတာများနှင့် တံတားများ၊ ရထားလမ်းအတွက် မြေကြီးလုပ်ငန်း ဆောင်ရွက်နေမှုနှင့် လုပ်ငန်းသုံးပစ္စည်းများ စုဆောင်းရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ကြံခင်း–ပခုက္ကူ ရထားလမ်းပိုင်းသည် ဧရာဝတီတိုင်းနှင့် ပဲခူးတိုင်းတို့မှ တစ်ဆင့် မြန်မာနိုင်ငံအထက်ပိုင်းဒေသများသို့ ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းလမ်းကြောင်းမှ တိုက်ရိုက်သွားလာနိုင်မည့် လမ်းဖြစ်သဖြင့် စီမံကိန်းကာလ သတ်မှတ်ချိန်၌ လုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်သွားကြရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကြံခင်း–ဥသျှစ်ပင်အပိုင်းတွင် ပါဝင်သော ကျောက်ဖူးကျေးရွာအနီး တည်ဆောက်လျက်ရှိသည့် ကျောက်ဖူးချောင်းတံတား စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကျောက်ဖူးကျေးရွာအနီး ကားလမ်းကူး ရထားလမ်းပိုင်း မြေကြီးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ရထားလမ်းတည်ဆောက်ရာတွင် စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ချိန်အမီ ပြီးစီးရေး ဆက်လက်ဆောင်ရွက်သွားရေး တာဝန်ရှိသူများအား မှာကြားသည်။

သွားလာနိုင်မည်

ကြံခင်း–ပခုက္ကူရထားလမ်းသစ် ဖောက်လုပ်ပြီးစီးပါက ဧရာဝတီတိုင်း ပုသိမ်မြို့မှ မကွေးတိုင်း ပခုက္ကူမြို့အထိ တိုက်ရိုက်သွားလာနိုင်မည်ဖြစ်ပြီး ဂန့်ဂေါ၊ ကလေးမြို့များသို့လည်းကောင်း၊ ပခုက္ကူ–ချောင်းဦး၊ မုံရွာ–ရေဦး–ခင်ဦးမြို့များမှ ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့လည်းကောင်း ရထားဖြင့် သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ပေါင်းတည်မြို့နယ် ကြူတောကန်ကွင်းအမှတ်(၁၀၉၂) နှမ်းစပါးစိုက်ခင်း ရပ်ကြည့်ဆောင်သို့ ရောက်ရှိကြရာ ပေါင်းတည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလွင်က မြို့နယ်အတွင်း နှမ်းစပါးစိုက်ပျိုးရန် လျာထားချက်၊ စိုက်ပျိုးပြီးစီးမှု၊ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးနိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက မျိုးကောင်းမျိုးသန့်စပါးများ ရွေးချယ်စိုက်ပျိုးရေး၊ တောင်သူများအား စိုက်ပျိုးရေးပညာပေးစည်းရုံးဆောင်ရွက်သွားကြရေး၊ ပန်းတိုင်အထွက်တိုးရရှိအောင် ဆောင်ရွက်ရေးတို့ကို မှာကြားပြီး တောင်သူများ စုပေါင်းမြေသြဇာကြဲပက်နေမှုနှင့် တမန်းနှိုးပေါင်းလိုက်နေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် ဧပြီ ၅

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ Singapore Association of Myanmar(SAM)က အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဘက်စုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါက်တာ ဒေါ်တင်လင်းမြင့်နှင့် ဒေါ်အေးအေးနှင့် ဗဟို အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။ ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း သို့ Singapore Association of Myanmar(SAM) က လှူဒါန်းသော ငွေကျပ် ၄၃သမ၂ သန်းကို ပြည်ထောင်စု မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Robert Chua က ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ Singapore Association of Myanmar (SAM)က လှူဒါန်းသော အလှူငွေများကို ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua က မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ယင်းနောက် Singapore Association of Myanmar (SAM) ဥက္ကဋ္ဌ Mr. Richard Koh က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များသည် ခန်းမအတွင်း ပြသထားသော မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် ပြည်နယ်၊ တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။ (သတင်းစဉ်)

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဇီးကုန်းမြို့သို့ ရောက်ရှိကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်များမှ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ စိုက်ပျိုးရေးညှိနှိုင်းမှု ကော်မတီဝင်များနှင့် တွေ့ဆုံကြသည်။

တွေ့ဆုံပွဲတွင် ပြည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ခင်နှင့် သာယာဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကျော်ခိုင်စိုးတို့က သက်ဆိုင်ရာခရိုင်အလိုက် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် ဒေသဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းမန်နေဂျာ ဦးစန်းမောင်က စိုက်ပျိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက တိုးတက်လာမည့် လူဦးရေကိုမျှော်မှန်းပြီး စားနပ်ရိက္ခာ ဖူလုံစေရန်သာမက ပိုလျှံစေရေး ရည်ရွယ်လျက် နှစ်စဉ် သီးနှံစိုက်ဧကများ တိုးချဲ့စိုက်ပျိုးရန် စီမံကိန်းများ ရေးဆွဲချမှတ်ပေးလျက်ရှိကြောင်း၊ ပဲခူးတိုင်း၌ ၂၀၀၆–၂၀၀၇ ခုနှစ်တွင် မိုးစပါးစိုက်ဧကသိန်း ၃၀ စိုက်ပျိုးရန် လျာထားချက်နှင့်အညီ စိုက်ပျိုးဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ပဲခူးတိုင်း၌ ရှိပြီးဖြစ်သည့် မြေသယံဇာတ၊ ရေသယံဇာတများကို အကျိုးရှိစွာ အသုံးချနိုင်ရန်လိုကြောင်း၊ နိုင်ငံတော်က ဆည်တမံများကို တည်ဆောက်ပေးခဲ့ပြီး ယခုအခါ စစ်တောင်းမြစ်ဝှမ်းနှင့် မြစ်မခမြစ်ဝှမ်းတို့တွင် ရေလွှမ်းမိုးမှု ကာကွယ်ရေး၊ စိုက်ပျိုးမြေဖော်ထုတ်ရေးတို့အတွက် စီမံဆောင်ရွက်နေပြီဖြစ်ကြောင်း၊ တစ်သီးမှနှစ်သီး၊ နှစ်သီးမှသုံးသီးစားဖြစ်စေရန် သတ်မှတ်ထားသည့် သီးနှံစိုက်ပျိုးမှုပုံစံနှင့်အညီ စိုက်ပျိုးကြရန်လိုကြောင်း၊ ဒေသတာဝန်ရှိသူများအနေဖြင့် နိုင်ငံတော်က သတ်မှတ်ပေးထားသည့် စီမံကိန်းများ ပြည့်မီရုံမျှမက ကျော်လွန်စေရေးအတွက် အောက်ခြေအထိ ကွင်းဆင်းပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဆောက်ရွက်ကြရန် တိုက်တွန်းပြောကြားကာ တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၄ ရက် မွန်းလွဲပိုင်းတွင် ပဲခူးမြို့နယ် အင်းတကော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း သုတေသနနှင့် မျိုးပွားခြံသို့ ရောက်ရှိသည်။

ရှေးဦးစွာ ရှင်းလင်းဆောင်၌ ပဲခူးတိုင်း မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း တိုင်းမန်နေဂျာ ဦးခင်မောင်ဝင်းက တိုင်းအတွင်း ရော်ဘာ ၅၇၈၂၂ဧက စိုက်ပျိုးပြီးစီးမှုနှင့် မြို့နယ်အလိုက် ရော်ဘာစိုက်ပျိုးထားရှိမှု၊ ရော်ဘာစိုက်ပျိုးရေး လုပ်ဆောင်လိုသူများအား စည်းရုံးဖော်ထုတ်မှု အခြေအနေများကိုလည်းကောင်း၊ ပဲခူးတိုင်း မြေစာရင်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးကြည်က တိုင်းအတွင်း ရော်ဘာ စိုက်ပျိုးထုတ်လုပ်မှုနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြရာ တာဝန်ရှိသူများနှင့် ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းရှင်များက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မျိုးပွားခြံရှိ ရော်ဘာပင်ပျိုးများ စိုက်ပျိုးထိန်းသိမ်းထားမှုနှင့် ဓာတ်မြေသြဇာအစားထိုး တီကျစ်စာမြေဆွေး ပြုလုပ်ပုံအဆင့်ဆင့်ကို ကြည့်ရှုကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။ (သတင်းစဉ်)

ကြည်နူးဖွယ်အလှ

❀ ညို့ညို့မှိုင်းမှိုင်း၊ တောင်တွေဝိုင်းသည့်
ကျိုင်းတုံမြို့ဆီ ရောက်ခဲ့သည်။

❀ ယခုတစ်ခေါက်၊ ကျိုင်းတုံရောက်သော်
ဖောက်လုပ်ပြီးသား၊ လမ်းသစ်များနှင့်
ပျားပန်းခပ်မျှ စည်ကားလှသည်
ကြွယ်ဝဖွံ့ဖြိုးနေတကား။

❀ "မြို့နှင့်ကျေးလက်၊ ဆက်သွယ်သည့်လမ်း
ကျေးရွာချင်းယှက်၊ ဆက်သွယ်သည့်လမ်း
ခရိုင်ချင်းယှက်၊ ဆက်သွယ်သည့်လမ်း
ပြည်နယ်ချင်းယှက်၊ ဆက်သွယ်သည့်လမ်း"
လမ်းအထွေထွေ၊ ပန်းတွေဝေလျက်
နယ်မြေအေးချမ်း သာဘိတောင်း။

❀ သြော်...
ကျိုင်းတုံမှသည်၊ မိုင်းလားဆီသို့
တစ်လီခရီး၊ မြို့တောင်ကြီးသို့
တစ်နည်းလှမ်းချိတ်၊ တာချီလိတ်သို့
စိတ်တိုင်းကျရောက်၊ ခရီးပေါက်ကာ
ဖောက်ကားရောင်းဝယ်၊ ကုန်သွယ်ဖြောင့်ဖြူး
ပျော်ရွှင်မြူးသည်
ကြည်နူးဖွယ်ရာ အလှတည့်။ ။

စိုင်းသိန်း(ကျိုင်းတုံ)

ကိုလံဘီယာနိုင်ငံ ဘိုဂိုတာမြို့မှ ခြေလက်မသန်စွမ်းသူများ ဘောလုံးကစားနေကြသည်ကို ဧပြီ ၄ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တရုတ်သို့ ဆန်အဓိက တင်ပို့ ရောင်းချသည့် နိုင်ငံအဖြစ် ထိုင်းနိုင်ငံ ဆက်လက်ရပ်တည်လိုဟု ပြောကြား

ဗန်ကောက် ဧပြီ ၄

ထိုင်းနိုင်ငံအနေဖြင့် တရုတ်နိုင်ငံသို့ ဆန်တင်ပို့ရောင်းချသည့် ကမ္ဘာ့ထိပ်တန်းနိုင်ငံ တစ်နိုင်ငံအဖြစ် ဆက်လက်ရှိစေရန် ထိုင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အခိုင်အမာဆုံးဖြတ်ပြီး ဆန်အဓိကပို့နေကြောင်း တရားဝင် ထိုင်းသတင်းဌာနက အင်္ဂါနေ့တွင် ဖော်ပြသည်။

ထိုင်းနိုင်ငံသည် ဆန်စပါး အဓိက တင်ပို့ရောင်းချသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်လာပြီဟု ထိုင်းကူးသန်းရောင်းဝယ်ရေးဝန်ကြီး ကရာကိုင်ဂျီရာပက်က ပြောကြားသည်။ ၎င်းသည် ဆန်တင်ပို့ရောင်းချသူ ၁၆ ဦးပါအဖွဲ့ကို ဦးဆောင်၍ တရုတ်နိုင်ငံ ကွမ်တုန်ပြည်နယ်သို့ ရောက်ရှိလာပြီး တရုတ်ဆန်တင်သွင်းသူများနှင့် တွေ့ဆုံကြမည် ဖြစ်သည်။

ထိုင်းနိုင်ငံက တရုတ်နိုင်ငံသို့ ဆန်တန်ချိန် စုစုပေါင်း ၆၀၀၀၀၀ မှ ၇၀၀၀၀၀ အထိ နှစ်စဉ် ရောင်းချနေသည့် နိုင်ငံဖြစ်ပြီး တန်ချိန်ထက်ဝက်မှာ ဆန်မွှေးအမျိုးအစား ဖြစ်သည်။

မိမိနှင့် လိုက်ပါလာသည့် ဆန်တင်ပို့ရောင်းချသူများသည် တရုတ်နိုင်ငံမှ ဆန်တင်သွင်း ဝယ်ယူလိုသူများနှင့် ကုန်သွယ်ရေးစာချုပ်လက်မှတ်ရေးထိုးကြမည်ဖြစ်ပြီး ကွမ်တုန်သို့ လာရောက်သည့် ခရီးစဉ်သည် အောင်မြင်ကြောင်း ၎င်းဝန်ကြီးက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ခတ္တမန္ဒူရှိ ဆေးဆိုင် ၁၀ ရာခိုင်နှုန်း အဆင့်မမီသည့်ဆေးဝါးများ ရောင်းချ

ခတ္တမန္ဒူ ဧပြီ ၅

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့ရှိ လက်လီဆေးဆိုင် များ၏ ၁၀ ရာခိုင်နှုန်းတွင် ဆေးဝါးအုပ်ချုပ်ရေးအဖွဲ့ (ဒီဒီအေ)၏ မှတ်ပုံတင်မပြုလုပ်ရသေးသော အဆင့်မမီသည့် ဆေးဝါးများကို ရောင်းချနေကြောင်း ဗုဒ္ဓဟူးနေ့ ဆင်ဟွာသတင်း၌ ဖော်ပြသည်။

နီပေါဆေးဝါးအာဏာပိုင်အဖွဲ့ဖြစ်သည့် ဒီဒီအေက ဆေးဝါးရောင်းချသည့်ဆိုင် ၂၀၆ ဆိုင်ကို ယခုဘဏ္ဍာရေးနှစ်၏ ပထမရှစ်လအတွင်း စစ်ဆေးခဲ့ရာ ဆိုင် ၂၂ ဆိုင်က အစိုးရထံ မှတ်ပုံမတင်ရသေးသည့် ဆေးဝါးများကို ရောင်းချနေသည်ဟု သတင်းတွင် ဖော်ပြထားသည်။

မသမာနည်းဖြင့် ရောင်းချနေသည့် ဆေးဆိုင်များ အနေဖြင့် ဖြေရှင်းချက်တင်ပြရန် မိမိတို့က တိုက်တွန်းထားပြီး ၎င်းတို့၏အကြောင်း ပြချက်သည် ယုံကြည်လောက်ဖွယ်မရှိပါက ၎င်းတို့၏လုပ်ငန်းများကို ရပ်ဆိုင်းထားမည်ဟု ဒီဒီအေမှ အထက်တန်းတာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

တောင်အာရှနိုင်ငံများသို့ တိုက်ရိုက်လေကြောင်း ပျံသန်းရန် အိန္ဒိယ အဆိုပြု

နယူးဒေလီ ဧပြီ ၄

တောင်အာရှ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအသင်း (ဆာအတ်) အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ယင်းနိုင်ငံများ၏ မြို့တော်များအကြား လေကြောင်း တိုက်ရိုက်ပျံသန်းမှု ပြုလုပ်သင့်ကြောင်း အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းက နယူးဒေလီတွင် အင်္ဂါနေ့က ပြောကြားသည်။

တောင်အာရှဒေသသည် ကြီးပွားတိုးတက်မှုရှိလာရာ ယင်းဒေသအတွင်းနှင့်သော်လည်းကောင်း ကျန်ရှိသည့် နိုင်ငံများနှင့်သော်လည်းကောင်း ဆက်သွယ်မှု ပြုလုပ်နိုင်ပြီဖြစ်သည်ဟု ဆာအတ်ထိပ်သီးအစည်းအဝေးတွင် ဆင်းက အဖွင့်မိန့်ခွန်း ပြောကြားခဲ့သည်။ လမ်းဖောက်ခြင်းဖြင့် အဆက်အသွယ်များ ပြည့်ပြည့်ဝဝ ပေါ်ပေါက်လာမည်မဟုတ်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မိမိတို့အနေဖြင့် ခရီးသွားလာရာတွင် လွတ်လပ်စွာနှင့် လွယ်ကူချောမွေ့စွာ သွားလာနိုင်ရန် ဆောင်ရွက်မည် ဖြစ်ကြောင်း၊ အိန္ဒိယအနေဖြင့် ကျောင်းသားများ၊ ပါမောက္ခများ၊ သတင်းစာဆရာများနှင့် ဆာအတ်မှလူနာများအတွက် ပြည်ဝင်ခွင့်ဗီဇာ လွယ်ကူစေရန် ဆောင်ရွက်ထားကြောင်း၊ လာမည့်ငါးနှစ်အတွင်း ဆာအတ်ဒေသအတွင်း ခရီးသည်နှစ်ဆတိုး ဝင်ရောက်လာရန် မျှော်မှန်းသင့်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

လာဘ်ရှင်စေသည့်ငါး ဒေါ်လာ ၇၅၀၀၀ ဖြင့် စားသောက်ဆိုင်မှ ဝယ်ယူ

ပေကျင်း ဧပြီ ၄

တရုတ်စားသောက်ဆိုင် တစ်ဆိုင်သည် အနာဂတ်အတွက် အတိတ်ကောင်း နိမိတ်ကောင်းစေပြီး လာဘ်ရှင်စေသော ရွှေရောင်ကျား ငါးတစ်ကောင်ကို အမေရိကန်ဒေါ်လာ ၇၅၀၀၀ ဖြင့် ဝယ်ယူလိုက်ကြောင်း နိုင်ငံပိုင်သတင်း ဌာနက မတ် ၃ ရက်တွင် ဖော်ပြသည်။ အဆိုပါငါးသည် ၄၈ကီလိုဂရမ်(၁၀၅ပေါင်)လေးကြောင်း၊ ဧပြီ ၂ ရက်က ကွမ်တုန်ပြည်နယ် တောင်ပိုင်းကမ်းလွန်တွင် ဖမ်းမိခြင်းဖြစ်ကြောင်း တရုတ်သတင်းဌာနက ပြောကြားသည်။

အဆိုပါငါးကို အလှပြသထားရန် စားသောက်ဆိုင်က သဘောတူညီခဲ့ကြောင်း၊ ယင်းငါးသည် ၁ဒသမ ၇၅ မီတာခန့်ရှည်ပြီး ရွှေရောင်ကြေးခွံရှိကြောင်းဖော်ပြထားသည်။ စားသောက်ဆိုင်က ယင်းငါးကို ယွမ် ၅၈၀၀၀၀ (အမေရိကန်ဒေါ်လာ ၇၅၀၅၀) ဖြင့် ဝယ်ယူခဲ့ကြောင်း၊ သို့သော် ယခုဈေးနှုန်းသည် လွန်ခဲ့သည့်သုံးနှစ်က အလားတူငါးမျိုး၏ ပေါက်ဈေးထက် သုံးဆ မြင့်တက်နေကြောင်း ဖော်ပြထားသည်။ **အမ်အင်အေ၊ရိုက်တာ။**

ဗီယက်နမ်၏ သီဟိုဠ်သရက် တင်ပို့မှု ပထမသုံးလပတ်အတွင်း တိုးတက်

ဟနွိုင်း ဧပြီ ၄

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမသုံးလပတ်အတွင်း သီဟိုဠ်သရက်တန်ချိန် ၂၇၀၀၀ အမေရိကန် ဒေါ်လာ ၁၀၇ သန်းတန်ဖိုးကို တင်ပို့ရောင်းချနိုင်ခဲ့သည်။ထိုအတိုင်းအတာသည် ယခင်နှစ်အလားတူအချိန်ကနှင့် နှိုင်းစာလျှင် ပမာဏအားဖြင့် ၆ ဒသမ ၁ ရာခိုင်နှုန်း တိုးလာပြီး တန်ဖိုးအားဖြင့် ၁၀ ဒသမ ၆ရာခိုင်နှုန်းပိုမိုလာသည်ကိုတွေ့ရသည်။

နိုင်ငံအနေဖြင့် ၂၀၀၇ခုနှစ်အတွင်း သီဟိုဠ်သရက်တင်ပို့ခြင်းဖြင့်အမေရိကန်ဒေါ်လာ သန်း၇၀၀ရရှိရန် ရည်မှန်းထားရာ ၂၀၀၆ ခုနှစ်ကထက် ၃၈ ဒသမ ၆ရာခိုင်နှုန်းပိုမိုလာရန်မျှော်မှန်းလုပ်ဆောင်နေခြင်းပင်ဖြစ်သည်ဟု သီဟိုဠ်လုပ်ငန်းရှင်များအသင်းက ဧပြီ ၃ ရက်တွင် ပြောကြားသည်။ ၂၀၀၆ခုနှစ်အတွင်းက တရုတ်၊ အမေရိကန်၊ ဩစတြေးလျ၊ ကနေဒါ၊ ဗြိတိန်နှင့် ရုရှားနိုင်ငံများသို့ သီဟိုဠ်စေ့တန်၁၂၇၀၀၀တင်ပို့ခြင်းအားဖြင့် ဝင်ငွေ အမေရိကန်ဒေါ်လာ ၅၀၅ သန်း ရရှိခဲ့သည်။ ဗီယက်နမ်နိုင်ငံတွင် ၂၀၀၅ ခုနှစ်က သီဟိုဠ်စေ့စိုက်ခင်းဟက်တာ ၃၅၀၀၀၀ရှိခဲ့ရာမှ ၂၀၁၀ပြည့်နှစ်တွင် သီဟိုဠ်စိုက် ဧက ၄၅၀၀၀၀ အထိတိုးချဲ့လုပ်ကိုင်ရန် စီစဉ်လျက်ရှိသည်။

ကမ္ဘာပေါ်တွင် သီဟိုဠ်သရက် အဓိကတင်ပို့သော နိုင်ငံသုံးနိုင်ငံရှိသည့်အနက် ဗီယက်နမ်နှင့် အိန္ဒိယတို့သည် သီဟိုဠ်သရက် တင်ပို့မှုကို မြှင့်တင်ရန် ကြိုးစားစီစဉ်နေသည်။ သကြားလုံးနှင့် အချိုစားသောက်ဖွယ်ရာများ၊ ကိတ်နှင့် မုန့်များတွင် သီဟိုဠ်သရက်စေ့ထည့်၍ သုံးသော အလေ့အထကို အားပေးလျက်ရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ အင်တာနက် ဆိုင်တစ်ဆိုင်တွင် အင်တာနက် အသုံးပြုနေကြသူများကို ဧပြီ ၄ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဆူဒန်နိုင်ငံ ကျေးလက်တောရွာတစ်ခု၏ မြင်ကွင်းတစ်နေရာကို ဧပြီ ၄ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အင်ဒိုနီးရှားနှင့် အိန္ဒိယ လုံခြုံရေးသဘောတူညီချက်စတင်

ဂျကာတာ ဧပြီ ၄

အိန္ဒိယနိုင်ငံနှင့် ပြုလုပ်ခဲ့သည့် လုံခြုံရေးသဘောတူညီချက်သည် စတင်အတည်ဖြစ်ကြောင်း အင်ဒိုနီးရှား ကာကွယ်ရေးဝန်ကြီးဌာနက ကြေညာရာ စစ်ဘက်ဆိုင်ရာ ပစ္စည်းပူးတွဲထုတ်လုပ်မည့်ကိစ္စသည် လမ်းပွင့်သွားပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းစာက အင်္ဂါနေ့တွင် ရေးသားသည်။

အင်ဒိုနီးရှားသမ္မတ ဆူစီလိုဘမ်ဘန်းက ယင်းသဘောတူညီချက်ကို အကောင်အထည်ဖော်ဆောင်ရန် အမိန့်ထုတ်ပြန်ပြီးသည့်နောက် အဆိုပါ သဘောတူညီချက်သည် အတည်ဖြစ်သွားပြီဖြစ်သည်။

ယင်းသဘောတူညီချက်တွင် လူအင်အားအရင်းအမြစ် သင်တန်းပေးရေး၊ အရာရှိချင်း အပြန်အလှန်ဖလှယ်ရေး၊ နယ်စပ်ပူးတွဲကင်းလှည့်ရေး၊ အကြမ်းဖက်တိုက်ခိုက်မှုတိုက်ဖျက်ရေးနှင့် ပင်လယ်ဓားပြ နှိမ်နင်းရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ကြမည်ဟု အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသည့် သည်ဂျကာတာပို့စ်သတင်းစာက ရေးသားသည်။

ယင်းသဘောတူညီချက်အရ အင်ဒိုနီးရှားက အိန္ဒိယနိုင်ငံမှ စစ်ပစ္စည်းတရားဝင် ဝယ်ယူရန်ဖြစ်ပြီး နှစ်နိုင်ငံပူးတွဲ၍ စစ်ပစ္စည်းများ ထုတ်လုပ်ကြမည်ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

✳ ကာကွယ်ရေးဝန်ကြီးဌာနမှ

ရှေးဦးစွာ မော်လမြိုင်ခရိုင် အတွင်းမှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက သက်ဆိုင်ရာမြို့နယ်အလိုက် အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် လူမှုရေး၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက်မော်လမြိုင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးအောင်ဝင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်သိန်းတို့က သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်တက္ကသိုလ်သို့ ရောက်ရှိကြပြီး တက္ကသိုလ်ခန်းမ၌ မော်လမြိုင်တက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ အခြေခံပညာအထက်တန်းအဆင့် ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာပြ ဆရာ၊ ဆရာမများ မွမ်းမံသင်တန်း တက်ရောက်နေကြသော ဆရာ၊ ဆရာမများအား တွေ့ဆုံသည်။

အခမ်းအနားတွင်ရှေးဦးစွာမော်လမြိုင်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးထွန်းသိန်း၊ ပြည်နယ်ပညာရေးမှူး ဦးထွန်းရီနှင့် အမှတ်(၁) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းကြည်တို့က ဘာသာရပ်ဆိုင်ရာ မွမ်းမံသင်တန်းများကိစ္စ၊ အခြေခံပညာကျောင်းများ၌ သင်ထောက်ကူစာသင်ခန်းများ ဖွင့်လှစ်ပြီးစီးမှုကိစ္စနှင့် ပညာရည် တိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်က အစီအမံများ ချမှတ်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိုင်ငံတော်၏ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် ယနေ့ ပညာရေးကဏ္ဍမှ ဆရာ၊ ဆရာမများ၏ သင်ကြားမှု စွမ်းရည်မြင့်မားမှုသည် ပဓာနကျကြောင်း၊ သင်ကြားပေးရသည့် ဘာသာရပ်များကို ကျွမ်းကျင်ပိုင်နိုင်နေမှသာ တပည့်များကို ထိထိရောက်ရောက် ပြန်လည်သင်ကြားပေးနိုင်ပြီး ကျောင်းသား၊ ကျောင်းသူများ အမှန်တကယ် ကျွမ်းကျင်တတ်မြောက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အခြေခံပညာ ဆရာ၊ ဆရာမများအား ဘာသာရပ်ဆိုင်ရာ မွမ်းမံသင်တန်းများ ဖွင့်လှစ်ပို့ချရခြင်းဖြစ်ရာ မိမိတို့လေ့လာဆည်းပူးရသော ဘာသာရပ်များကို ကျွမ်းကျင်ပိုင်နိုင်အောင် သင်ယူဆည်းပူးကြပြီး တပည့်များအား ပြန်လည်ပို့ချပေးကြရန်ဖြစ်ကြောင်း မှာကြားပြီး တက်ရောက်လာကြသည့်ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်–မုဒုံလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာကြရာ မုဒုံမြို့နယ် သာယာကုန်းကျေးရွာရှိ ခြံစည်းရိုးကြက်ဆူပျိုးခင်း၌ ကျင်းပသော မွန်ပြည်နယ် ခြံစည်းရိုးကြက်ဆူပျိုးပွဲသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက မုဒုံမြို့နယ် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များအား ခြံစည်းရိုးကြက်ဆူပျိုးကိုင်းနှင့် မျိုးစေ့များ ပေးအပ်သည်။

ဆက်လက်၍ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းက ပြည်နယ်အဆင့် တာဝန်ရှိသူများအား ခြံစည်းရိုးကြက်ဆူပျိုးကိုင်းနှင့် မျိုးစေ့များကို ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းတို့သည် ခြံစည်းရိုးကြက်ဆူပျိုးကိုင်းနှင့် မျိုးစေ့များကို ပျိုးအိတ်များ၌ ပျိုးထောင်ပေးကြပြီး ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်း အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကာ ပျိုးခြံအတွင်း စိုက်ပျိုးထားသော ပျိုးပင်များနှင့် မြေပြင်ဆင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များအား မွန်ပြည်နယ် မြန်မာ့စိုက်ပျိုးရေး မန်နေဂျာက မွန်ပြည်နယ်၏ ခြံစည်းရိုး ကြက်ဆူစိုက်ပျိုးမှုတို့နှင့် စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး မောင်ဘိုက ခြံစည်းရိုးကြက်ဆူကို ပြည်နယ်အနေဖြင့် သတ်မှတ်ထားသော ဧကငါးသိန်းပြည့်မီအောင် အလေးထား၍ စိုက်ပျိုးသွားကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည်မော်တော်ယာဉ်များဖြင့် မော်လမြိုင်–မုဒုံ–သံဖြူဇရပ်–ရေးကားလမ်းအတိုင်း ဆက်လက်ထွက်ခွာကြပြီး လမ်းဘေး ဝဲ၊ ယာ၌ စိုက်ပျိုးထားရှိသော ရော်ဘာစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် ရေးမြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

❀ ဖားကန့်မြို့မှ

တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင် ထွန်းရတနာစိမ်းကုမ္ပဏီမှ ဦးထွန်းထွန်းနှင့် မိသားစုများ၊ ဒေသခံ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် တာဝန်ရှိသူများ လိုက်ပါလျက် ဖားကန့်မြို့ရှိ မော်ရှန်–ဆိုင်းအောင် ကတ္တရာလမ်းသစ်ဖွင့်ပွဲ မုခ်ဦးသို့ ရောက်ရှိလာပြီး တိုင်းမှူး၊ ဝန်ကြီးနှင့် အလှူရှင် ဦးထွန်းထွန်းတို့က လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါလမ်းသစ်မှာ အရှည်ပေ ၂၉၇၀၊ အကျယ် ၁၂ပေရှိ ကတ္တရာလမ်းဖြစ်ပြီး ထွန်းရတနာစိမ်းကုမ္ပဏီနှင့် ရတနာစန်းရွှင်ကုမ္ပဏီတို့က အလှူငွေကျပ် ၁၄၅သိန်း၊ ကတ္တရာ ၁၅၃ လုံး စုစုပေါင်း ငွေကျပ် ၂၈၆သိန်း အကုန်အကျခံ ဖောက်လုပ်လှူဒါန်းခြင်းဖြစ်သည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် လုံးခင်းတိုက်နယ်ဆေးရုံ အကြီးစားမွမ်းမံပြုပြင်ပြီးစီးမှု အောင်ပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုပွဲကျင်းပရာ လုံးခင်းတိုက်နယ်ဆေးရုံသို့ ရောက်ရှိကြပြီး ဆေးရုံခန်းမ၌ အလှူရှင်များ၏ ဆေးပဒေသာပင်အတွက် လှူဒါန်းငွေများကို လက်ခံ၍ ဂုဏ်ပြုလွှာများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် ဖားကန့်မြို့နယ် နမ္မဖြစ်ကျေးရွာအုပ်စု၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသစ်ဖွင့်ပွဲ အခမ်းအနားသို့ ရောက်ရှိကြပြီး ရုံးသစ်အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့က အမှာစကားပြောကြားကြပြီး အဝတ်အထည်များကို လက်ဆောင်ပေးအပ်သည်။ ထို့နောက် နမ္မဖြစ်ကျေးရွာအုပ်စု၏ အသင်းဝင် အဆိုပြုလွှာ ၁၁၂၅ စောင်ကို မြို့နယ်စည်းရုံးရေးတာဝန်ခံက ပေးအပ်ရာ ပြည်နယ်အတွင်း ရေးမှူး ဦးရားဝမ်ဂျူက လက်ခံသည်။

ထို့နောက်တိုင်းမှူးနှင့်ဝန်ကြီးတို့သည် ဖားကန့်မြို့ ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်း ဖွင့်ပွဲသို့ရောက်ရှိပြီး အော်တိုအိတ်ချိန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် အိတ်ချိန်းစက်ခုံများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် ကာမိုင်းမြို့သို့ ရောက်ရှိကြပြီး မြို့နယ်စည်းရုံးရေးမှူးက အသင်းဝင်အဆိုပြုလွှာ အစောင် ၁၀၀၀ ပေးအပ်ရာ ပြည်နယ်အတွင်းရေးမှူး ဦးရားဝမ်ဂျူက လက်ခံပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က အမှာစကားပြောကြားကြ၍ ဒေသ၏ လိုအပ်ချက်များကို ဖြည့်ဆည်းစီမံဆောင်ရွက်ပေးပြီး ဝန်ထမ်းများ၊ မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ဆက်လက်၍ မိုးကောင်းမြို့နယ် မန်ရွက်ကျေးရွာ အလယ်တန်းကျောင်းခန်းမ၌ အဆိုပြုလွှာပေးအပ်ပွဲကို ကျင်းပရာ မန်ရွက်ကျေးရွာမှ စုပေါင်း အသင်းဝင် အဆိုပြုလွှာ ၆၄၅ စောင်ကို ပြည်နယ်အသင်း အတွင်းရေးမှူး ဦးရားဝမ်ဂျူက လက်ခံသည်။ ထို့နောက် တိုင်းမှူးက ဒေသလူထုအတွက် အဝတ်အထည်များကိုလည်းကောင်း၊ ဝန်ကြီးက ဆားမှော်နှင့် ပင်းဘောကျေးလက်ကျန်းမာရေး ဌာနများအတွက် ဆေးပဒေသာပင် အလှူငွေများကိုလည်းကောင်းပေးအပ်ရာ မြို့နယ်မှ တာဝန်ရှိသူများက လက်ခံကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ စက်ရုံမှူးများ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စက်ရုံများ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေး ပြုပြင်ရမည့်အပိုင်းများကို ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဧပြီ ၅

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ စက်ရုံမှူးများအစည်းအဝေးကို ဧပြီ ၃ ရက်တွင် မကွေးတိုင်း စလေမြို့ရှိ အမှတ်(၁) ဓာတ်မြေသြဇာစက်ရုံ(စလေ) အစည်းအဝေးခန်းမ၌ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများ၊ စက်ရုံမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် စက်ရုံများ၏ ကုန်ထုတ်လုပ်ငန်းများအပေါ် ပြန်လည်သုံးသပ်ပြီး ဓာတ်မြေသြဇာစက်ရုံများ၊ ရေနံချက်စက်ရုံများနှင့် ရေနံဓာတ်ငွေ့ရည် (LPG) စက်ရုံများ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက် ပြုပြင်ရမည့်အပိုင်းများကို ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်ငန်း တိုးတက်ထုတ်လုပ်သွားနိုင်ရေး မှာကြားသည်။

ယင်းနောက် တာဝန်ရှိသူများနှင့် စက်ရုံမှူးများက မိမိတို့ စက်ရုံများအလိုက် စက်ရုံလည်ပတ်ထုတ်လုပ်နေမှု အခြေအနေနှင့် ရည်မှန်းချက် ပြည့်မီအောင် ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက အမှတ်(၁) ဓာတ်မြေသြဇာစက်ရုံ (စလေ)ရှိ အိတ်ခွဲအလုပ်ရုံအဟောင်းကို ပြန်လည်တီထွင်မွမ်းမံ၍ ဓာတ်မြေသြဇာထည့်အတွင်းအိတ်ပါးများကို ထုတ်လုပ်နိုင်ခဲ့ခြင်းအတွက် ဂုဏ်ပြုဆုငွေကို ပေးအပ်ရာ စက်ရုံဝန်ထမ်းများကိုယ်စား စက်ရုံမှူးက လက်ခံသည်။

ဆက်လက်၍ဒုတိယဝန်ကြီး၊ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက စက်စွမ်းအားပြည့် လည်ပတ်ရေးနှင့် အလေအလွင့်ထိန်းသိမ်းရေးတို့အတွက် လိုအပ်သည်များကို အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ဝန်ကြီးက ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်အတွက် ကုန်ထုတ်လုပ်ငန်း လျာထားချက်များကို ချမှတ်ပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးကာ မသမာမှုများ ကင်းရှင်းရေး၊ အလေအလွင့်နည်းပါးရေးနှင့် မီးဘေးအန္တရာယ်ကာကွယ်ရေးတို့ကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် အမှတ်(၁) ဓာတ်မြေသြဇာစက်ရုံ (စလေ)၏ ဓာတ်မြေသြဇာထုတ်လုပ်နေမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လယ်တီစံတရားစခန်း

ရန်ကုန် ဧပြီ ၅

ပုဇွန်တောင်မြို့နယ် ၂၅ရပ်ကွက် လယ်တီစံ မဟာစည်သာသနာ့ရိပ်သာတွင် သင်္ကြန်အထူးတရားစခန်းကို ဧပြီ ၁၂ရက်ညနေမှ ဧပြီ ၂၁ရက်အထိ ၁၀ရက်ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်မည့် ယောဂီနှင့် ဒုလ္လဘများသည် အကျိုးဆောင်အဖွဲ့နှင့် ဆက်သွယ်နိုင်၍ တရားစခန်းတွင် ဆွမ်း၊ လှူဖွယ်များ လှူဒါန်းနိုင်ပြီး ဖုန်း–၂၀၁၆၃၄ သို့ ဆက်သွယ်စုံစမ်းနိုင်သည်ဟု သိရသည်။

(၂၃)

မြေနီကုန်းဓမ္မာရုံတရားပွဲ

ရန်ကုန် ဧပြီ ၅

စမ်းချောင်း မြေနီကုန်း တောင်ရပ်ကွက် မြေနီကုန်းဓမ္မာရုံ၌ အထူးတရားပွဲကျင်းပမည်ဖြစ်ရာ ဧပြီ ၆ရက်တွင် အရှင်စန္ဒသီရိ၊ ဧပြီ ၇ရက်တွင် အရှင် စန္ဒသာရ၊ ဧပြီ ၈ရက်တွင် အရှင်မာထာစာရ၊ ဧပြီ ၉ရက်တွင် အရှင် သဒ္ဓမ္မကိတ္တိသာရ၊ ၁၀ရက်တွင် အရှင်သာဝရ(ရေစကြို)တို့က ညစဉ် ၇နာရီတွင် တရားများ ဟောကြားမည်ဖြစ်ရာ မည်သူမဆို လာရောက်နာယူနိုင်ကြောင်း သိရှိရသည်။

(က–ပ)

● နေပြည်တော်မှ

လမ်းခရီးတွင် ပဲခူး၊ တောင်ငူဘူတာများ၌ ရပ်တန့်ပေးပြီး ရထားလက်မှတ်ခနှုန်းထားများမှာ အမှတ်(၃၁) အဆန်၊ (၃၂)အစုန်၊ (၇)အဆန်၊ (၈)အစုန် ရထားနှုန်းထားများအတိုင်း အထက်တန်း (အိပ်စင်) ငွေကျပ် ၂၄၈၀၊ အထက်တန်း (ထိုင်ခုံ) ငွေကျပ် ၁၈၀၀၊ ပထမတန်း ငွေကျပ် ၁၁၃၀၊ ရိုးရိုးတန်း ငွေကျပ် ၉၀၀ တို့ ဖြစ်သည်။

အဆိုပါနေ့များ၌ လက်ရှိပြေးဆွဲနေသည့် အမှတ်(၃၁)အဆန်၊ (၃၂) အစုန်နှင့် အမှတ်(၇)အဆန်၊ (၈)အစုန် ရန်ကုန်–ပျဉ်းမနား အမြန်ရထားများလည်း ပုံမှန်ပြေးဆွဲပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၇ ခုနှစ် ဧပြီလအတွက်
(၈–၄–၂၀၀၇) ရက်နေ့
နှင့်
(၂၉–၄–၂၀၀၇) ရက်နေ့

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၆–၄–၂၀၀၇(သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ရိုးရာကျေးလက်ကစားနည်း
၈:၀၀ ၆။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
၈:၁၀ ၇။ ရန်ကုန်တိုင်း ပေါင်းလင်း (ငမိုးရိပ်ရေကူ)ရေလှောင်တမံ
၈:၂၀ ၈။ ခါသကြိန်အဆိုအကများ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Happy And Educational English Summer Course MRTV.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ တေးသရုပ်ဖော်အစီအစဉ်
၄:၄၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (စီးပွားရေးပညာအထူးပြု) (စီးပွားရေးပညာ)
၄:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၅:၁၀ ၆။ မြန်မာစာ၊မြန်မာစကား
၅:၂၀ ၇။ နှောင်းခေတ်တေးပဒေသာ
၅:၃၅ ၈။ **"မင်းမသိသေးပါဘူးကွာ" (ရော၊ငှက်ပျောကြော်၊ ချစ်စရာ၊ကြူကြူသင်း၊ အေးအေးခိုင်) (ဒါရိုက်တာ–ဆွေဇင်ထိုက်)**
၅:၄၅ ၉။ ခါသကြိန်အဆိုအကများ
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၂။ သုတစုံလင် ရွှေဉာဏ်ရှင်
၇:၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ်ရွက်ကလေး၏ရင်ခုန်သံ" (အပိုင်း–၁၃)**
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အကြင်နာရွှေဦး" (အပိုင်း–၂၆)**
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

နှစ်(၇၀)ပြည့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့

မောင်သံပြင်မိုး

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့သည် **"ရာထူးဝန်အဖွဲ့"** (Public Service Commission) ဟု စတင် ဖွဲ့စည်းခဲ့သည့် ၁၉၃၇ခုနှစ် ဧပြီလမှ တွက်စစ်ပါက နှစ်ပေါင်း ၇၀ ပြည့်ခဲ့ပြီ ဖြစ်ပါသည်။

နိုင်ငံတိုင်းတွင် နိုင်ငံ့ဝန်ထမ်းများရှိကြသကဲ့သို့ အဆိုပါ နိုင်ငံ့ဝန်ထမ်းများကို ရွေးချယ်ခန့်ထားလေ့ကျင့်ပေးသည့် အဖွဲ့အစည်းများလည်း ရှိကြပါသည်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဖွဲ့စည်းမှု၊ တာဝန်ခွဲဝေပေးအပ်မှု မတူညီကြသော်လည်း ဝန်ထမ်းရေးရာကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်ရသည့် အဖွဲ့အစည်းများ သီးခြားတည်ရှိကြပုံမှာ အတူတူပင်ဖြစ်ပါသည်။ အများအားဖြင့် ရာထူးဝန်အဖွဲ့ဟု သိထားကြသည့် ရာထူးခန့်ထားရေးအဖွဲ့ရှိကြပြီး အချို့နိုင်ငံများတွင် ရာထူးခန့်ထားရေး သာမက လေ့ကျင့်ရေးတာဝန်ကိုပါ ပူးတွဲထမ်းဆောင်ရသည့် အဖွဲ့အစည်းများ ရှိကြပါသည်။ ကုလသမဂ္ဂကဲ့သို့ နိုင်ငံတကာ ဝန်ထမ်းများရှိသော အဖွဲ့အစည်းများတွင်ပင် အဆိုပါဝန်ထမ်းများ၏ ဝန်ထမ်းရေးရာကိစ္စများကို ဆောင်ရွက်ပေးရန် နိုင်ငံတကာ ဝန်ထမ်းကော်မရှင်ကို ဖွဲ့စည်းထားရှိ ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင်လည်း နိုင်ငံ့ဝန်ထမ်းများကို ရွေးချယ်ပေးသည့် အဖွဲ့အစည်းများ၊ လေ့ကျင့်ပေးသည့် အဖွဲ့အစည်းများရှိခဲ့ရာ မျက်မှောက်ကာလတွင် ရွေးချယ်ရေးနှင့်လေ့ကျင့်ရေးတာဝန်ကိုပါ ထမ်းရွက်ရသော **"ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့"**ကို ဥပဒေနှင့်အညီ ဖွဲ့စည်းထားရှိ ဆောင်ရွက်လျက် ရှိပါသည်။

မြန်မာနိုင်ငံတွင် ရှေးမြန်မာမင်းများလက်ထက်က ဝန်ထမ်းများကို စနစ်တကျ ရွေးချယ်ခန့်ထားသည့် စနစ်၊ စံနှုန်းများရှိခဲ့ပြီး နိုင်ငံ့ဝန်ထမ်း(မင်းမှုထမ်း)များကို ရွေးချယ်ခန့်ထားခဲ့ကြပါသည်။ လက်ရုံးရည်၊ နှလုံးရည်၊ သတ္တိ၊ ဗျတ္တိ ထူးချွန်ထက်မြက်သော အမှုတော်ထမ်းများ ရရှိစေရန်အတွက် ပြိုင်ပွဲများ၊ စာပြန်ပွဲများ ပြုလုပ်ရွေးချယ်ခဲ့ကြပါသည်။

ကိုလိုနီနယ်ချဲ့လက်အောက် သို့ကျွန်ဘဝရောက်ရှိခဲ့ချိန်တွင် နယ်ချဲ့တို့၏ အုပ်ချုပ်ရေးယန္တရားကို လည်ပတ်အကောင်အထည်ဖော်နိုင်ရန် ဝန်ထမ်းများ ခန့်ထားခဲ့သော်လည်း တိုင်းတစ်ပါးမှ လူမျိုးခြားများကိုသာ အဆင့်မြင့်နေရာများတွင် ခန့်ထားပြီး ဒေသခံ တိုင်းရင်းသားများက များများစားစား နေရာမရခဲ့ပါ။ နယ်ချဲ့ဗြိတိသျှတို့၏ အုပ်ချုပ်ရေးစနစ် ခိုင်မာစေရန် အကျိုးပြုမည့် နိုင်ငံခြားသားများကသာ နေရာရခဲ့ပါသည်။ ဗြိတိသျှကိုလိုနီ အိန္ဒိယနိုင်ငံ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ရပ်တည်ခဲ့ရသော မြန်မာနိုင်ငံတွင် အိန္ဒိယရာထူးဝန်အဖွဲ့ အစီအစဉ်ဖြင့် ရွေးချယ်ခန့်ထားသည့် အိန္ဒိယပဋိညာဉ်ခံဝန်ထမ်း အိုင်စီအက်စ် (I.C.S) များသာ ရှိခဲ့ပါသည်။

၁၉၃၇ ခုနှစ်တွင် မြန်မာနိုင်ငံအတွက် ရာထူးဝန်အဖွဲ့ ဖွဲ့စည်းပြီးချိန်၌ ဘီစီအက်စ်(B.C.S)ခေါ် ပဋိညာဉ်ခံဝန်ထမ်းများ ပေါ်ပေါက်လာခဲ့ပြီး ဒေသခံတိုင်းရင်းသားများ နေရာရခဲ့ပါသည်။

မြန်မာနိုင်ငံ၌ ပထမဆုံးရာထူးဝန်အဖွဲ့ကို ၁၉၃၇ခုနှစ်တွင် ဖွဲ့စည်းခဲ့ရာ ထိုအချိန်က ဗြိတိသျှလက်အောက်ခံ ကိုလိုနီဖြစ်နေသဖြင့် ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌမှာ နိုင်ငံခြားသား မစ္စတာ စီအက်(ဖ)ဂရန်ဆိုသူ ဖြစ်ပါသည်။ အဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံသား ဦးသိန်းမောင်နှင့် ဦးဘအေးတို့ ပါဝင်ခဲ့ကြပါသည်။ ၁၉၃၈ ခုနှစ်တွင် ဦးသိန်းမောင်အစား ဦးဘိုးဟန်က တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၁၉၃၉ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် မစ္စတာ ပီ၊ဘီ၊ကွင်လန်ကို ခန့်အပ်တာဝန်ပေးပါသည်။

ဒုတိယကမ္ဘာစစ်အတွင်း ဖက်ဆစ်ဂျပန်လက်အောက် ကျရောက်ခဲ့စဉ်က နိုင်ငံတော်အဓိပတိအား တိုက်ရိုက်တာဝန်ခံသည့် **နိုင်ငံတော်ဝန်ထမ်း ရာထူးဝန်အဖွဲ့**တစ်ရပ် ဖွဲ့စည်းထားရှိပြီး ဝန်ထမ်းရွေးချယ်ရေးတာဝန်ကို ထမ်းဆောင်စေခဲ့ပါသည်။

စစ်ပြီးကာလ ၁၉၄၆ ခုနှစ်တွင် ရာထူးဝန်အဖွဲ့ ပြန်လည်ဖွဲ့စည်းပြီးဥက္ကဋ္ဌအဖြစ် မစ္စတာ စီ၊ အင်န်ပဲဂျက်ကို ခန့်အပ်ခဲ့ပါသည်။ အဖွဲ့ဝင်များအဖြစ် ဦးစောလှဖြူနှင့် ဦးမောင်ကလေးတို့ ပါဝင်ခဲ့ပါသည်။

၁၉၄၇ ခုနှစ် နိုဝင်ဘာလတွင် ဦးလွန်းဘော်ကို ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌအဖြစ်ခန့်အပ်တာဝန်ပေးခဲ့ရာ ပထမဆုံး မြန်မာနိုင်ငံသားဥက္ကဋ္ဌဖြစ်ခဲ့ပါသည်။ အဖွဲ့ဝင်မြန်မာနိုင်ငံသား နှစ်ဦးပါရှိပါသည်။ ၁၉၄၈ ခုနှစ်တွင် အဖွဲ့ဝင် သုံးဦးအထိ တိုးချဲ့ဖွဲ့စည်းခဲ့ပါသည်။

၁၉၄၈ ခုနှစ် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ရာထူးဝန်အဖွဲ့ကို ဖွဲ့စည်းပြီး အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ(ရာထူးဝန်များ)ကို နိုင်ငံတော်သမ္မတက ခန့်အပ်တာဝန်ပေးအပ်ခဲ့ပါသည်။ ဥက္ကဋ္ဌအဖြစ် ဦးလွန်းဘော်ကိုပင် ခန့်အပ် တာဝန်ပေးအပ်ခဲ့ပါသည်။ အဖွဲ့ဝင် ဗိုလ်ထွန်းလင်း၊ ဦးအောင်ဇံဝေနှင့် ဦးမန်းအေးဖေတို့ ပါဝင်ပါသည်။ ၁၉၅၃ ခုနှစ်တွင် **ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥပဒေ**ကို ပြဋ္ဌာန်းပြီး အဖွဲ့ဥက္ကဋ္ဌ ဦးလွန်းဘော်နှင့် အဖွဲ့ဝင်လေးဦးကို ခန့်အပ်တာဝန်ပေးခဲ့ပါသည်။

အဖွဲ့သည် မူလက ရာထူးရွေးချယ်ခန့်ထားရေး တာဝန်ကိုသာ ထမ်းဆောင်ခဲ့ရပြီး ၊ ၁၉၇၂ ခုနှစ်၌ မြန်မာနိုင်ငံ အုပ်ချုပ်ရေးစနစ်သစ်ဖော်ထုတ်ရာတွင် ဝန်ထမ်းများလေ့ကျင့်ပညာပေးရေး တာဝန်ထမ်းဆောင်လျက်ရှိသော ပြည်ထဲရေးဝန်ကြီးဌာနနှင့်ပေါင်း၍ ဗဟိုပြည်သူ့ဝန်ထမ်းရွေးချယ်လေ့ကျင့်နေရာချထားရေးအဖွဲ့အဖြစ် ဖွဲ့စည်းပေါ်ပေါက်ခဲ့ပါသည်။ ၁၉၇၃ ခုနှစ်တွင် အဖွဲ့ကို **ပြည်သူ့ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့**ဟု ပြောင်းလဲခေါ်ဝေါ်ပြီး ပြည်ထဲရေးဝန်ကြီးဌာနအောက်၌ပင် ဆက်လက်တည်ရှိခဲ့ပါသည်။ ၁၉၇၇ ခုနှစ် မတ်လတွင် အဖွဲ့သည် နိုင်ငံတော်ကောင်စီ၏ ကြီးကြပ်ကွပ်ကဲမှုအောက်သို့ လွှဲပြောင်းရောက်ရှိခဲ့ပါသည်။

၁၉၇၇ ခုနှစ် ဧပြီလ ၉ရက်နေ့တွင် ၁၉၇၇ခုနှစ် ပြည်သူ့လွှတ်တော်ဥပဒေအမှတ်(၄)အဖြစ် **"ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့"** ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး နိုင်ငံတော်ကောင်စီကို တိုက်ရိုက်တာဝန်ခံ၍ ဥပဒေအရ သတ်မှတ်ထားသော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခဲ့ပါသည်။ ယနေ့အချိန်အခါတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လမ်းညွှန်မှုကိုခံယူ၍ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်လျက် ရှိပါသည်။

အခေါ်အဝေါ်အဆင့်ဆင့် ပြောင်းလဲလာပုံမှာ **ရာထူးဝန်အဖွဲ့** (၁၉၃၇ မှ ၁၉၅၃ အထိ)၊ **ပြည်ထောင်စုရာထူးဝန်အဖွဲ့**(၁၉၅၃ မှ ၁၉၇၂ အထိ)၊ **ဗဟိုပြည်သူ့ဝန်ထမ်း ရွေးချယ်လေ့ကျင့် နေရာချထားပေးရေးအဖွဲ့** (၁၉၇၂ ခုနှစ်)၊ **ပြည်သူ့ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့** (၁၉၇၃ မှ ၁၉၇၇ အထိ)၊ **ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့**(၁၉၇၇ မှ ယနေ့အထိ) ဖြစ်ပါသည်။ အင်္ဂလိပ်ဘာသာအခေါ်အဝေါ်အားဖြင့် (Public Service Commission=PSC)ဟု အသိများခဲ့ပြီး လက်ရှိအခေါ်မှာ(Civil Service Selection and Training Board = CSSTB) ဖြစ်ပါသည်။

အဖွဲ့၏ ဥက္ကဋ္ဌများမှာလည်း အောက်ပါအတိုင်း အပြောင်းအလဲ ရှိခဲ့ပါသည်–

- **ဦးလွန်းဘော်** **(၁၉၄၇ မှ ၁၉၆၃)**
- **ဦးကာ** **(၁၉၆၃ မှ ၁၉၆၈)**
- **ဦးလှိုင်ဟုတ်** **(၁၉၆၈ မှ ၁၉၇၃)**
- **ဦးခင်မောင်ဖြူ** **(၁၉၇၃ မှ ၁၉၇၇)**

၁၉၇၇ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဥပဒေပေါ်ပေါက်ပြီးနောက် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဥက္ကဋ္ဌများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

- **ဦးသန်းစိန်** **(၁၉၇၇ မှ ၁၉၈၁)**
- **ဦးမောင်မောင်ကြီး** **(၁၉၈၁ မှ ၁၉၉၉)**
- **ဒေါက်တာသန်းညွန့်** **(၁၉၉၉ မှ ယနေ့အထိ)**

၁၉၇၇ခုနှစ် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥပဒေအရ သတ်မှတ်ထားသော အဓိကတာဝန်များမှာ နိုင်ငံတော်၏ ဝန်ထမ်းအဖွဲ့ အစည်းများတွင် လိုအပ်သောဝန်ထမ်းများကို ရွေးချယ်ခြင်းနှင့်လေ့ကျင့်ခြင်း၊ ဝန်ထမ်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ မူဝါဒလမ်းညွှန်ချက်များ ချမှတ်နိုင်ရေးအတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအား အထောက်အကူပြုခြင်းနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ သုတေသနပြုလုပ်ခြင်းတို့ ဖြစ်ကြပါသည်။

အဖွဲ့သည် အထက်ပါတာဝန်အပြင် ၁၉၇၉ ခုနှစ်တွင် နိုင်ငံတော်ကောင်စီက **"ဝန်ထမ်းများကို ကနဦးလစာကျပ် ၄၅၀/–(ယခုကျပ် ၈၀၀၀၀/–)အဆင့်ရာထူးသို့ တိုးမြှင့်ခန့်အပ်လိုပါက ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရန် ဖြစ်ပါသည်"ဟု ညွှန်ကြားထားရာ "ရာထူးတိုးမြှင့်ရေး"** တာဝန်ကိုပါ ဆောင်ရွက်လျက်ရှိပါသည်။

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့သည် အထက်ဖော်ပြပါကြီးလေးသောတာဝန်များကို ထမ်းဆောင်ရာတွင် အဖွဲ့အသွင်သဏ္ဍာန်ဖြင့် ဆွေးနွေးညှိနှိုင်းဆုံးဖြတ် ဆောင်ရွက်ပေးရသည်ဖြစ်ရာ အဖွဲ့ဝင်များ၏ အရည်အချင်းပြည့်ဝမှု၊ သိက္ခာသမာဓိရှိမှု၊ ဉာဏ်ပညာအမြော်အမြင်ကြီးမားမှု၊ အတွေ့အကြုံရင့်ကျက်မှုမှာ များစွာအရေးကြီးပါသည်။ သို့ဖြစ်၍ အဖွဲ့ကိုဖွဲ့စည်းတာဝန်ပေးခန့်အပ်ရာတွင် ပညာရေးဆိုင်ရာ ပါမောက္ခချုပ်၊ ပါမောက္ခကြီးများ၊ ဥပဒေရေးရာကျွမ်းကျင်နံ့စပ်သူများ၊ နိုင်ငံတကာ အတွေ့အကြုံရှိ သံတမန်ဝန်ထမ်းကြီးများ၊ အခြားလေ့ကျင့်ရေးအပိုင်း ကျွမ်းကျင်သူများ၊ ကဏ္ဍစုံအတွေ့အကြုံရှိသူများ၊ စာပေပညာရှင်များနှင့် ဖွဲ့စည်းထားလေ့ရှိကြပါသည်။ နိုင်ငံတော်ကလည်း အဖွဲ့ဥက္ကဋ္ဌအား ဝန်ကြီးအဖြစ်လည်းကောင်း၊ အဖွဲ့ဝင်များအား ဒုတိယဝန်ကြီးများ အဖြစ်လည်းကောင်း သတ်မှတ် တာဝန်ပေးအပ်ခဲ့ပါသည်။ လက်ရှိဖွဲ့စည်းထားသည့် ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

ဒေါက်တာသန်းညွန့်	**ဥက္ကဋ္ဌ**
ဦးအောင်မြင့်	**အဖွဲ့ဝင်**
ဦးလှမြင့်ဦး	**အဖွဲ့ဝင်**
ဦးဝင်းအောင်	**အဖွဲ့ဝင်**
ဦးစိုးဦး	**အဖွဲ့ဝင်**
ဦးညီထွန်း	**အဖွဲ့ဝင်**
ဦးကျော်အောင်	**အဖွဲ့ဝင်**

အဖွဲ့သည်မိမိအား ပေးအပ်ထားသော တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်အတွက် အဖွဲ့အောက်တွင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနနှင့် ဝန်ထမ်းရေးရာဦးစီးဌာနဟူသည့် ဦးစီးဌာန နှစ်ခုကိုလည်းကောင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များကို လည်းကောင်း ဖွဲ့စည်းကြီးကြပ်ဆောင်ရွက်လျက် ရှိပါသည်။ ၁၉၈၈ခုနှစ်တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသိပ္ပံသည် အဖွဲ့၏ ကြီးကြပ်စီမံခန့်ခွဲမှုအောက်သို့ လွှဲပြောင်း ရောက်ရှိခဲ့ပါသည်။ (အဆိုပါ 'သိပ္ပံ'ကို ၁၉၉၁ခုနှစ်တွင် တက္ကသိုလ်အဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ပါသည်။

အဖွဲ့အောက်ရှိဦးစီးဌာနများသည် အဖွဲ့ကိုယ်စား အဖွဲ့၏လမ်းညွှန်မှုနှင့်အညီ ဝန်ကြီးဌာန၊ ဝန်ထမ်းအဖွဲ့အစည်းများက လိုအပ်နေသော အရာရှိအဆင့်ရာထူးနေရာများအတွက် ဝန်ထမ်းလောင်းများရွေးချယ်ပေးရန် လျှောက်လွှာခေါ်ယူခြင်း၊ စိစစ်ခြင်း၊ ရေးဖြေစာမေးပွဲ စစ်ဆေးခြင်း၊ စိတ်အခြေအနေစစ်ဆေးပေးခြင်း၊ လူတွေ့စစ်မေးခြင်း၊ အောင်စာရင်းထုတ်ပြန်ခြင်း၊ အရာထမ်းလောင်းသင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးခြင်း တာဝန်များကို လည်းကောင်း၊ ဝန်ထမ်းအဖွဲ့အစည်း အသီးသီးက ညှိနှိုင်းလာသော အရာရှိအဆင့်သို့ ရာထူးတိုးမြှင့်ပေးရေးကိစ္စရပ်များကို တည်ဆဲ စည်းမျဉ်းများနှင့်အညီ စိစစ်၍ သဘောတူညီချက်ပေးခြင်းကိုလည်းကောင်း၊ ထူးခြားသော အခြေအနေအရ အရာရှိအဆင့် ရာထူးခန့်ထားလိုသည့် ကိစ္စရပ်များအား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ ထောက်ခံတင်ပြခြင်း တာဝန်များကို လည်းကောင်း၊ ဝန်ထမ်းများခန့်ထားခြင်း၊ အရေးယူအပြစ်ပေးခြင်း၊ ခံစားခွင့်၊ ရပိုင်ခွင့်များကို ဥပဒေစည်းမျဉ်းများနှင့်အညီ ဆောင်ရွက်မှုရှိ၊ မရှိကို ညှိနှိုင်းသဘောထားတောင်းခံချက်အရ စိစစ်ပြန်ကြားပေးခြင်း၊ ပြင်ပဝန်ထမ်းစည်းကမ်းအရ တာဝန်ထမ်းဆောင်ခွင့်ပြုခြင်း၊ ဝန်ထမ်းရေးရာကျင့်ဝတ်၊ စာစောင်များ ထုတ်ဝေဖြန့်ချိရေးတာဝန်များကိုလည်းကောင်း ထမ်းဆောင်လျက် ရှိပါသည်။

ဝန်ထမ်းများရွေးချယ်ရေး၊ ရာထူးတိုးမြှင့်ပေးရေးနှင့် ပတ်သက်၍ ၁၉၉၆–၁၉၉၇ မှ ၂၀၀၆–၂၀၀၇ဘဏ္ဍာရေးနှစ် ကုန်ဆုံးချိန်အထိ ၁၀နှစ်တာကာလအတွင်း အောက်ပါအတိုင်း ဆောင်ရွက်ပေးခဲ့ပါသည်–

- **အဖွဲ့က ကြော်ငြာခေါ်ယူရွေးချယ်ပေးသည့် အရာထမ်းဦးရေ ၈၈၀၀ကျော်၊**
- **လုပ်သက်ပြည့် ရာထူးတိုးမြှင့်ပေးခဲ့သည့် ဦးရေ ၂၃၀၀၀ကျော်၊**
- **လုပ်သက်လျှော့ အထူး ရာထူးတိုးမြှင့်ပေးခဲ့သည့် ဦးရေ ၇၂၀၀ ကျော်။**

အဖွဲ့သည် သုံးနှစ်တာကာလအတွင်း လစ်လပ်ရာထူးနေရာများသို့ လျှောက်ထားသူ ၅၀၀၀၀ကျော်အတွက် စာမေးပွဲများ ကျင်းပစစ်ဆေး ရွေးချယ်ပေးခဲ့ပါသည်။

ဝန်ထမ်းများအားလေ့ကျင့်ပေးရေးနှင့်ပတ်သက်၍ အဖွဲ့ဥပဒေတွင် "ဝန်ထမ်းများအား လေ့ကျင့်ပညာပေးရေးအတွက် ဗဟိုဝန်ထမ်းတက္ကသိုလ်ကို အဖွဲ့ကြီးကြပ်ကွပ်ကဲမှုအောက်တွင် ဖွဲ့စည်းထားရှိရမည်" ဟု ပြဋ္ဌာန်းထားပြီး၊ ဗဟိုဝန်ထမ်းတက္ကသိုလ်ဖွဲ့စည်းထားရှိမှု ဦးတည်ချက်များအဖြစ် အောက်ပါအတိုင်း သတ်မှတ်ထားရာ၊ ၎င်းဦးတည်ချက်များအတိုင်း အဖွဲ့၏ကြီးကြပ်မှုဖြင့် လေ့ကျင့်ရေးတာဝန်များကို ထမ်းဆောင်လျက် ရှိပါသည်–

- **စီမံခန့်ခွဲရေးနှင့် ပညာရှင်အဆင့်ဝန်ထမ်းလောင်းများအား အခြေခံသင်တန်းများပေးရန်၊**
- **အလယ်အလတ်တန်းစီမံခန့်ခွဲသူများအတွက် မွမ်းမံသင်တန်းများ ပေးရန်၊**
- **ဗဟိုနှင့် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၏ အဖွဲ့ဝင်များအတွက်လည်းကောင်း၊ အဆင့်မြင့်စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များ အတွက်လည်းကောင်း ညှိနှိုင်းဆွေးနွေးပွဲများကို တာဝန်ယူကျင်းပ ပေးရန်၊**
- **ဝန်ထမ်းများအား စီမံခန့်ခွဲရေးဆိုင်ရာ ဘာသာရပ်များကို လေ့ကျင့်ပညာပေးရေးနှင့် စပ်လျဉ်း၍ သုတေသနပြုလုပ်ရန်။**

အဖွဲ့ဥပဒေပြဋ္ဌာန်းချိန်က ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)တစ်ခုသာရှိခဲ့သော်လည်း နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံတော်ခေတ်မီ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာတွင် နယ်စပ်ဒေသ

စာမျက်နှာ ၇ ကော်လံ ၁ သို့

ငမိုးရိပ်တံတား(ကမာကြည်) မကြာမီဖွင့်လှစ်တော့မည်

ရန်ကုန် ဧပြီ ၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၄ရက် နံနက် ၉ နာရီတွင် သုဝဏ္ဏနှင့်သာကေတကို ဆက်သွယ်ပေးပြီး ငမိုးရိပ်ချောင်းကိုဖြတ်သန်း၍ ငမိုးရိပ်တံတား(ကမာကြည်)တည်ဆောက်ရေး စီမံကိန်း အထူးအဖွဲ့က တည်ဆောက်လျက်ရှိသည့် ငမိုးရိပ်တံတား(ကမာကြည်) စီမံကိန်းရုံးသို့ ရောက်ရှိသည်။

စီမံကိန်းရှင်းလင်းဆောင်တွင် စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာမှူး ဦးဟန်စိုးက တံတားကြီး တည်ဆောက်ပြီးစီးမှုနှင့် မကြာမီဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုများကို ဝန်ကြီးအား ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက အချောသတ်လုပ်ငန်းများကို လက်ရာသေသပ်ကောင်းမွန်အောင် ဆောင်ရွက်ရန်မှာကြားပြီး ဆောက်လုပ်ပြီးစီးနေသော တံတားကြီးကို စစ်ဆေးကြည့်ရှု၍ ငမိုးရိပ်တံတား(ကမာကြည်)မှ ပြန်လည်ထွက်ခွာသွားသည်။

ငမိုးရိပ်တံတား(ကမာကြည်)၏ တံတားအမျိုးအစားမှာ တံတားအောက်ထည် အုတ်မြစ်လွန်တူးပိုင်တိုင်နှင့် သံကူကွန်ကရစ်တိုင်ဖြစ်ပြီး တံတားအပေါ်ထည်မှာ ကြိုတင်အားဖြည့် သံကူကွန်ရက်မနှင့် သံကူကွန်ကရစ်ရက်မ အမျိုးအစားဖြစ်၍ အရှည်ပေ ၉၇၀ ရှိပြီး တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း တန် ၆၀ ဖြစ်သည်။ ယခုအခါ တံတားကြီးနှင့် ချဉ်းကပ်လမ်းလုပ်ငန်းများပါ အားလုံးပြီးစီးလျက် မကြာမီဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဆန်စက်ခြောက်စက်တို့ကို အပြီးအပြတ်လွှဲပြောင်းရောင်းချမည်

နေပြည်တော် ဧပြီ ၅

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပိုင် စစ်ကိုင်းတိုင်းအတွင်းရှိ ဆန်စက်ခြောက်စက်တို့ကို ဈေးပြိုင်စနစ်ဖြင့် အပြီးအပြတ်လွှဲပြောင်းရောင်းချမည်ဖြစ်သည်။

ထိုသို့ အပြီးအပြတ်လွှဲပြောင်းရောင်းချရာတွင် ဆန်စက်အမှတ် (၁၁၄) တန် ၂၀ ကျ ချမ်းအေးသာယာ (၂)ရပ်ကွက် ကလေးဝမြို့ စစ်ကိုင်းတိုင်း ၃ ဒသမ ၆၁ ဧကကို ကြမ်းခင်းဈေး ကျပ်သိန်း ၃၀ ဒသမ ၄၈၂ ဖြင့်လည်းကောင်း၊ ဆန်စက်အမှတ် (၁၁၂) တန် ၂၀ကျ ဖောင်းပြင်မြို့ စစ်ကိုင်းတိုင်း ၈ ဒသမ ၉၁၅ဧကကို ကြမ်းခင်းဈေး ကျပ်သိန်း ၄၀ ဒသမ ၈၇၅ ဖြင့်လည်းကောင်း၊ ဆန်စက်အမှတ် (၁၀၅) တန် ၂၀ ကျ ဘိုတဲရပ် ကောလင်းမြို့ စစ်ကိုင်းတိုင်း ၂ ဒသမ ၈၈၆ ဧကကို ကြမ်းခင်းဈေး ကျပ်သိန်း ၇၅ ဒသမ ၉၂၃ဖြင့် လည်းကောင်း၊ ဆန်စက်အမှတ် (၁၁၃)တန် ၂၀ ကျ အမှတ်(၁) ရပ်ကွက် ခမ်းပါတ်မြို့ တမူးမြို့နယ် စစ်ကိုင်းတိုင်း ၅ ဒသမ ၅၅၄ဧကကို ကြမ်းခင်းဈေး ကျပ်သိန်း ၂၈ ဒသမ ၄၂၉ ဖြင့် လည်းကောင်း၊ ဆန်စက်အမှတ် (၁၂၆)တန် ၂၀ကျ ကက်သာရွာ ဟုမ္မလင်းမြို့နယ် စစ်ကိုင်းတိုင်း ၂ ဒသမ ၇၇ ဧကကို ကြမ်းခင်းဈေး ကျပ်သိန်း ၃၈ ဒသမ ၆၈၃ ဖြင့် လည်းကောင်း၊ ဆန်စက်အမှတ်(၁၁၉) တန် ၂၀ ကျ မြို့သာရွာ ကလေးမြို့နယ် စစ်ကိုင်းတိုင်း (အဆောက်အအုံစက်နှင့် စက်ပစ္စည်းသာ)ကို ကြမ်းခင်းဈေး ကျပ်သန်း ၃ ဒသမ ၄၈၁ ဖြင့် လည်းကောင်း အပြီးအပြတ် လွှဲပြောင်းရောင်းချသွားမည်ဖြစ်သည်။

ဝယ်လိုသူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများသည် အဆိုပြုလွှာများကို ယနေ့မှစ၍ ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်ရုံး (စီမံကိန်းစီစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံရေးဦးစီးဌာနရုံးအမှတ် -၃၂ နေပြည်တော်)တွင် ဝယ်ယူနိုင်သည်။ ယင်းအဆိုပြုလွှာများကို မေ ၄ ရက်တွင်သာ (တစ်ရက်တည်း) နံနက် ၁၀နာရီမှ ညနေ ၄နာရီအတွင်း တင်သွင်းရမည်ဖြစ်သည်။

အပြီးအပြတ်ဝယ်ယူရန် အဆိုပြုထားသူများအနက် မူလပိုင်ရှင်သည် တိုင်းရင်းသားဖြစ်ပြီး အများဆုံးဈေးနှုန်းပေးသူနှင့် တူညီစွာပေးနိုင်ပါက ဦးစားပေးစဉ်းစားမည်ဖြစ်သည်။ မူလပိုင်ရှင်ဖြစ်ကြောင်း ခိုင်လုံသော အထောက်အထားကို တင်ပြရမည်ဖြစ်ပြီး မူလပိုင်ရှင်မဟုတ်ပါက အများဆုံးပေးဝယ်မည့် တိုင်းရင်းသားများကို ဦးစားပေးမည်ဖြစ်သည်။

လျှောက်ထားသူများသည်သတ်မှတ်ထားသောပုံစံတွင် ဖြည့်စွက်လျှောက်ထားရန်ဖြစ်သည်။ အသေးစိတ် အချက်အလက်များကို သိလိုပါက ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး (စီမံကိန်းစီစစ်ရေးနှင့်တိုးတက်မှု အစီရင်ခံရေးဦးစီးဌာနရုံး အမှတ်-၃၂ နေပြည်တော်) ဖုန်း-၀၆၇-၄၀၆၀၆၉ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်သည်။

(သတင်းစဉ်)

▶ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

များ အပါအဝင် တစ်နိုင်ငံလုံး ဟန်ချက်ညီညီ ဖြစ်ထွန်းတိုးတက်စေရန်နှင့် အထက်မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများအတွက် မန္တလေးမြို့ကို ဗဟိုပြု၍ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးအခြေခံများ တစ်ပြေးညီ ဖြစ်ထွန်းလာစေရေး စီမံဆောင်ရွက်ပေးရန် လမ်းညွှန်ချက်နှင့်အညီ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)ကို ၁၉၉၉ခုနှစ် နှစ်ဆန်းက ပြင်ဦးလွင်မြို့နယ်တွင် ထပ်မံဖွင့်လှစ်ခဲ့ရာ ယခုအခါ ဗဟိုဝန်ထမ်းတက္ကသိုလ်နှစ်ခု ရှိနေပြီဖြစ်ပါသည်။

ဗဟိုဝန်ထမ်းတက္ကသိုလ်နှစ်ခုတွင် အခြေခံပုံမှန်သင်တန်းများနှင့် အထူးမွမ်းမံသင်တန်းများကို သင်တန်းတက်ရောက်ရန် ကျန်ရှိသည့် ဝန်ထမ်းဦးရေ၊ အထူးမွမ်းမံသင်တန်းများ ဖွင့်လှစ်ပေးရန် ဝန်ကြီးဌာနများ၏ လိုအပ်ချက်များနှင့်အညီ ညှိနှိုင်းဖွင့်လှစ်ပို့ချပေးလျက်ရှိရာ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)တွင် တက္ကသိုလ်စတင်ဖွင့်လှစ်သည့် ၁၉၆၅ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ယနေ့အထိ သင်တန်းသား ၂၀၅၂၇၄ ဦးကိုလည်းကောင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)တွင် တက္ကသိုလ် စတင်ဖွင့်လှစ်သည့် ၇-၂-၁၉၉၉မှ ယနေ့အထိ သင်တန်းသား ၄၈၃၅၁ ဦးကိုလည်းကောင်း ပို့ချလေ့ကျင့်ပေးခဲ့ပြီး ဖြစ်ပါသည်။

အဖွဲ့ကြီးကြပ်မှုအောက်ရှိ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သည် တိုင်းရင်းသားသွေးချင်းများ အေးအတူ ပူအမျှ နေထိုင်ပြီး တစ်ဦး၏ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများကို တစ်ဦးက သိရှိနားလည် လေးစားကာ စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ထွန်းကားပြန့်ပွားရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် တိုင်းရင်းသားများ၏ လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ပေးနိုင်မည့်လူငယ်များကို ပညာရေးဝန်ထမ်းများအဖြစ် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိရာ ၂၀၀၇ခုနှစ် မတ်လကုန်အထိ ပညာရေးဆိုင်ရာမဟာဘွဲ့ ၆၂ ဦး၊ ပညာရေး/ဘီအီးဒီဘွဲ့ ၁၅၄၇ ဦးနှင့် အခြားပညာရေးဆိုင်ရာ ဒီပလိုမာနှင့် သင်တန်းဆင်း အောင်လက်မှတ်ရ ၈၇၉၃ ဦးရှိပြီ ဖြစ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ဒေသအတွင်း ဖွဲ့စည်းထားသော အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)အဖွဲ့ဝင်ဖြစ်သည်နှင့်အညီ နိုင်ငံ့ဝန်ထမ်းရေးရာကိစ္စရပ်များတွင် (ASEAN Conference on Civil Service Matters) နိုင်ငံ့ဝန်ထမ်းဆိုင်ရာ အာဆီယံ ကွန်ဖရင့်များသို့ တက်ရောက်၍ ဒေသအတွင်း နိုင်ငံ့ဝန်ထမ်းရေးရာကိစ္စရပ်များကို ပုံမှန်တက်ရောက်၍ အမြင်ချင်းဖလှယ်ခဲ့ပါသည်။ ကွန်ဖရင့်၏အစီအစဉ်အရ ဖွင့်လှစ်သော ဆွေးနွေးပွဲများ၊ သင်တန်းများသို့လည်း မြန်မာနိုင်ငံမှ ပါဝင် တက်ရောက်စေခဲ့ပါသည်။ အာဆီယံအဖွဲ့အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသော အဖွဲ့ဝင်နိုင်ငံတိုင်းတွင် ဖွင့်လှစ်ရသည့် အာဆီယံလူ့စွမ်းအားအရင်းအမြစ်ဗဟိုဌာန(ASEAN Resource Centre)ကိုလည်း ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့တွင် ဖွဲ့စည်းထားရှိခဲ့ပါသည်။ အဆိုပါ ဗဟိုဌာန၏ ဦးတည်ချက်အဖြစ် (Training of Trainers for Civil Service) နိုင်ငံ့ဝန်ထမ်း သင်တန်းဆရာများအား လေ့ကျင့်သင်ကြားပေးရေးကို သတ်မှတ်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံ့ဝန်ထမ်းသင်တန်းဆရာများ အရည်အသွေးမြင့်မားရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ၊ ပြည်တွင်းပြည်ပသင်တန်းများသို့ စေလွှတ်၍ လေ့ကျင့်ပေးလျက်ရှိပါသည်။ ထို့အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံတို့ရှိ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ရင်းရင်းနှီးနှီး ဆက်သွယ်ဆက်ဆံ၍ ဝန်ထမ်းများ အရည်းအသွေး တိုးတက်မြင့်မားရေးဆိုင်ရာ ကိစ္စများကို နိုင်ငံတကာဆက်ဆံရေး ကဏ္ဍတစ်ရပ်အဖြစ် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

ထို့အပြင် အဖွဲ့သည် e-Government လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး အဖွဲ့ပိုင် Website များဖြင့် သတင်းများ၊ အောင်စာရင်းများ၊ ကြေညာချက်များ ထုတ်ပြန်ပေးခြင်း၊ အဖွဲ့ရုံးနှင့် အဖွဲ့အောက်ရှိ တက္ကသိုလ်များ အပြန်အလှန် အီလက်ထရောနစ်ဆက်သွယ်ရေးစနစ် ထူထောင်ထားရှိခြင်း၊ အီလက်ထရွန်နစ်သတင်းနှင့် နည်းပညာပြန့်ပွားရေးကိုလည်း ကော်မတီများဖွဲ့၍ ဆောင်ရွက်ခြင်းများ ပြုလုပ်လျက် ရှိပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် နိုင်ငံ့ဝန်ထမ်းအင်အား တစ်သန်းကျော်ရှိရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ တစ်ဖွဲ့တည်းက ဝန်ထမ်းများ ရွေးချယ်ပေးခြင်း၊ အခြေခံသင်တန်းများနှင့် မွမ်းမံသင်တန်းများကို ဖွင့်လှစ်ပို့ချပေးခြင်းတာဝန်ကို ထမ်းဆောင်နေရုံမျှဖြင့် ဝန်ထမ်းအားလုံးအတွက် ခြုံငုံပြီးပြည့်စုံမည် မဟုတ်ပါ။ ထို့ကြောင့် အခြားဝန်ကြီးဌာန အဖွဲ့အစည်းများကလည်း အခြားဝင်ပေါက်ရာထူးများအတွက် ရွေးချယ်ခန့်ထားခြင်း၊ အခြားအဆင့်ရာထူးများအတွက် ရာထူးတိုးမြှင့်ပေးခြင်းများကို သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက် ရှိပါသည်။ ထို့အတူ ဌာနတွင်း အခြေခံသင်တန်းများ၊ ကျွမ်းကျင်မှုသင်တန်းများ၊ မွမ်းမံသင်တန်းများကို ဝန်ကြီးဌာနအဖွဲ့အစည်းအလိုက် ဖွင့်လှစ်၍ ဝန်ထမ်းများ လေ့ကျင့်ရေးတာဝန်ကို မျှဝေဆောင်ရွက်ပေးလျက် ရှိကြပါသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် လေ့ကျင့်ရေးကျောင်းနှင့် တက္ကသိုလ်များသို့ လှည့်လည်ကြည့်ရှုပြီး ဝန်ထမ်းများ လေ့ကျင့်ရေးနှင့်ပတ်သက်၍ လမ်းညွှန်မိန့်ကြားလျက်ရှိရာ သင်တန်းကျောင်းများအနေဖြင့် ဝန်ထမ်းများ၏ **စိတ်ဓာတ်၊ စည်းကမ်းနှင့် စွမ်းရည်**ဟူသည့် အခြေခံအချက် သုံးချက်ပြည့်စုံရေး ပျိုးထောင်လေ့ကျင့်ပေးရန် မကြာမီကပင် လမ်းညွှန်မိန့်ကြားခဲ့ပါသည်။ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့နှင့် ဝန်ကြီးဌာနအသီးသီးရှိ လေ့ကျင့်ရေးကျောင်းများကလည်း နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်ကို ဦးထိပ်ပန်ဆင်၍ ဝန်ထမ်းများလေ့ကျင့်ရေးတာဝန်ကို အလေးထားဆောင်ရွက်လျက်ရှိကြပါကြောင်း **နှစ်(၇၀)ပြည့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့နေ့** ကို ဂုဏ်ပြုရေးသားဖော်ပြအပ်ပါသည်။ ။

ဖခင်ကြီး ဦးသူတော်(၁၄)နှစ်ပြည့်နှင့် မိခင်ကြီး ဒေါ်လေးခင် လေးနှစ်ပြည့်အား ရည်စူး၍ရန်ကုန်မြို့ ကမာရွတ်မြို့နယ် (၈)ရပ်ကွက် မင်္ဂလာလမ်းနေသားသမီးများက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၃၅၀၀၀၀ ကို မိုးမိတ်အနုနာယက ဆရာတော် ဘဒ္ဒန္တဝိနယထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တီ-နီ(ရန်ကုန်ဌာန) လက်ထောက်အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရေဦးမြို့ ဗုဒ္ဓပူဇနီယပွဲနှင့် ရွှေထီးတော်တင်လှူပွဲ

ရန်ကုန် ဧပြီ ၅

စစ်ကိုင်းတိုင်း ရေဦးမြို့ မန်ကျည်းတောရပ် ဒက္ခိဏာရာမကျောင်းတိုက်နာယက ဆရာတော်များဦးဆောင်၍ ၁၃၆၉ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်မှ ၆ ရက်အထိ (၁၇)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ၊ ကဆုန်လဆန်း ၇ ရက်တွင် သက်တော်ရှည်စေတီ၊ လာဘမုနိစေတီ၊ ရှစ်မျက်နှာစေတီတော် ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ၊ ရွှေထီးတော်တင်လှူပွဲနှင့် ကဆုန်လဆန်း ၈ ရက်တွင် ပင့်သံဃာအပါး ၁၀၀ကျော်တို့အား ဆွမ်းဆန်စိမ်းနှင့် စာရေးတံမဲ လောင်းလှူပွဲများကျင်းပပြီး ကဆုန်လဆန်း ၈ရက်နှင့် ၉ ရက်ညတို့တွင် မန္တလေး လှိုင်ဘွားအောင် ဇာတ်သဘင်ဖြင့် ပျော်ပွဲရွှင်ပွဲများ ဖျော်ဖြေမည် ဖြစ်သည်။ ကဆုန်လဆန်း ၁၁ ရက်မှ ၁၃ ရက်အထိ နှစ်သစ်ဦး ဓမ္မသဘင်ပွဲကို ရန်ကုန်မြို့၊ ပုပ္ပား(၃)ကျောင်း၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် နယ်လှည့် ဓမ္မကထိ အစိုးရဓမ္မာစရိယ ရေဦးဆရာတော် အရှင်နန္ဒာသိရီက မိုးကုတ်ဆရာတော်ကြီး၏ ဉပနိဿယ အတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာလေးပါးတရားတော်များ ဟောကြားမည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

အတုလမဂ္ဂ ကမ္မဋ္ဌာန်းကျောင်းတိုက် သင်္ကြန်တွင်း တရားစခန်းဖွင့်လှစ်မည်

ရန်ကုန် ဧပြီ ၅

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် နွယ်ခွေစံပြကျေးရွာ အတုလမဂ္ဂကမ္မဋ္ဌာန်းကျောင်းတိုက်၏ သင်္ကြန်တွင်းတရားစခန်းပွဲကို ဧပြီ ၁၂ ရက်မှ ၁၈ ရက်(တန်ခူးလပြည့်ကျော် ၁၁ရက်မှ ကဆုန်လဆန်း ၃ ရက်)အထိ ဖွင့်လှစ်မည်ဖြစ်သည်။ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တဝိလာသ(ဓမ္မာစရိယ ဒီဃဘာဏက ပိဋကတစ်ပုံခွဲဆောင်)၊ ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ် နွယ်ခွေစံပြကျေးရွာ အတုလမဂ္ဂကမ္မဋ္ဌာန်းကျောင်းတိုက်၏ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသုနန္ဒ၊ ကျောက်တန်းမြို့ သိမ်ကုန်းကျောင်းတိုက်၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တကုမာရ(သိရီပဝရ-ဓမ္မာစရိယ မဟာဝိဇ္ဇာ ကိုလံဘို)နှင့် အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့မှ ဆရာတော် ဒေါက်တာဘဒ္ဒန္တဇနိတ (Ph-D)တို့က တရားတော်များ ဟောကြားပြသတော်မူမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဧပြီ ၁၀ရက် နောက်ဆုံးစာရင်းပေးသွင်းပါရန်နှင့် လှူဒါန်းလိုသည့် အလှူရှင်များသည် ဖုန်း-၆၉၀၄၄၆၊ ၀၉-၅၀၀-၂၀၂၂တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

သထုံစိုက်သိပ္ပံ မြတ်ဆရာပူဇော်မည်

ရန်ကုန် ဧပြီ ၅

သထုံစိုက်သိပ္ပံ၌ ၁၉၆၇ခုနှစ်မှ ၂၀၀၇ခုနှစ်အထိ ပညာသင်ပေးခဲ့သော ကျောင်းအုပ်ကြီးများ၊ အသက် (၅၉)နှစ်ပြည့်ပြီး ဆရာကြီး၊ ဆရာမကြီးများအား ဇွန် ၉ရက် (စနေနေ့)တွင် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို စိုက်သိပ္ပံခန်းမ ဆောင်၌ကျင်းပရန် စီစဉ်လျက်ရှိသည်။

ဆရာများ၊ ကျောင်းသားဟောင်းများထံ ဖိတ်စာများပေးပို့လျက်ရှိရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ သွားလာရေးနှင့် လှူဒါန်းရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိသော ဦးညွန့်ဆွေ ဖုန်း-၀၈၅-၂၂၀၄၈၊ ဦးသန်းနွယ်၊ ၀၅၃-၂၄၇၅၊ ဦးမျိုးဝင်း ၀၄၅-၃၀၄၂၃၊ ၃၀၆၃၇၊ ဦးတင်ရှိန် ၀၅၉-၄၁၀၅၂၊ ဦးစောဒီးဒီး ၀၄၂-၂၄၅၄၈၊ ဦးစိုးတင် ၀၁-၂၉၃၄၇၆၊ ဦးကျော်သောင်း၊ ၀၉-၅၁၉၈၀၄၉၊ ဦးစိုးညွန့် ၀၁-၅၁၄၀၈၆၊ ဦးစိန်လင်း ၀၅၇-၄၀၁၂၃ / ၂၅၇၊ ဦးမြင့်ဆွေ စိုက်သိပ္ပံ ၀၅၇-၄၀၀၇၅၊ ဒေါ်နီနီအေး ၀၉-၅၁၆၉၆၂၈၊ ဒေါ်မြင့်မြင့်ဝေ ၀၅၇-၂၁၀၉၄တို့ထံ ဆက်သွယ်ဆောင်ရွက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

❒ ရှေ့ဖုံးမှ

(င) **ပုဂ္ဂလိကအထွေထွေရောဂါကုဆေးခန်း**ဆိုသည်မှာ မြန်မာနိုင်ငံ ဆေးကောင်စီကထုတ်ပေးသော အထွေထွေဆေးကုသခွင့် လိုင်စင် ရရှိသူကသော်လည်းကောင်း၊ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီက ထုတ်ပေးသော သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ရရှိသူကသော် လည်းကောင်း သက်ဆိုင်ရာပညာရပ်ဖြင့် ကုသမှုပေးသော ပုဂ္ဂလိကဆေးခန်းကို ဆိုသည်။

(စ) **ပုဂ္ဂလိကအထူးကုဆေးခန်း**ဆိုသည်မှာ မြန်မာနိုင်ငံဆေးကောင်စီက ထုတ်ပေးသော အထူးဆေးကုသခွင့် လိုင်စင်ရရှိသူကသော် လည်းကောင်း၊ သွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီက အထူး ဆေးကုသခွင့်အတွက် ထုတ်ပေးသော သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ရရှိသူကသော် လည်းကောင်း သက်ဆိုင်ရာပညာရပ်ဖြင့် ကုသမှုပေးသော ပုဂ္ဂလိကဆေးခန်းကို ဆိုသည်။

(ဆ) **ပုဂ္ဂလိကဆေးရုံ**ဆိုသည်မှာ ပြင်ပလူနာနှင့် အတွင်းလူနာများ အတွက် ကျန်းမာရေးလုပ်ငန်းကို ပုဂ္ဂလိကလုပ်ငန်းအဖြစ် ဆောင်ရွက်ရန် သတ်မှတ်ထားသည့် အင်္ဂါရပ်များနှင့်အညီ စနစ်တကျ တည်ထောင်ဖွင့်လှစ်သောဆေးရုံကို ဆိုသည်။

(ဇ) **ပုဂ္ဂလိက အထွေထွေရောဂါကုဆေးရုံ**ဆိုသည်မှာ အထွေထွေ ရောဂါများကို ပြုစုကုသမှုပေးရန်အလို့ငှာ မြန်မာနိုင်ငံ ဆေးကောင်စီက ထုတ်ပေးသော အထွေထွေဆေးကုသခွင့် လိုင်စင် သို့မဟုတ် အထူးဆေးကုသခွင့် လိုင်စင်ရရှိသူကသော် လည်းကောင်း၊ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီက အထွေထွေဆေးကုသခွင့်အတွက်ဖြစ်စေ၊ အထူးဆေးကုသခွင့် အတွက်ဖြစ်စေ ထုတ်ပေးသော သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ရရှိသူက သော်လည်းကောင်း၊ တာဝန်ယူဆောင်ရွက်ပြီး ကျန်းမာရေး စောင့်ရှောက်မှုပေးသော ပုဂ္ဂလိကဆေးရုံကို ဆိုသည်။

(ဈ) **ပုဂ္ဂလိက အထူးကုဆေးရုံ**ဆိုသည်မှာ ဆေးပညာဘာသာရပ် တစ်မျိုးမျိုးဖြင့်ဖြစ်စေ၊ တစ်မျိုးထက်ပိုသော ဆေးပညာဘာသာ ရပ်များဖြင့်ဖြစ်စေ အထူးပြုစုကုသမှုပေးရန်အလို့ငှာ မြန်မာနိုင်ငံ ဆေးကောင်စီက ထုတ်ပေးသော အထူးဆေးကုသခွင့် လိုင်စင် ရရှိသူကသော်လည်းကောင်း၊ သွားနှင့်ခံတွင်းဆိုင်ရာ ဆေး ကောင်စီက အထူးဆေးကုသခွင့်အတွက် ထုတ်ပေးသော သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ရရှိသူက သော်လည်းကောင်း တာဝန်ယူဆောင်ရွက်ပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးသော ပုဂ္ဂလိကဆေးရုံကို ဆိုသည်။

(ည) **ပုဂ္ဂလိကသားဖွားခန်း**ဆိုသည်မှာ ကိုယ်ဝန်ဆောင်မိခင်များကို လက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ သာမန်မွေးဖွား ပေးခြင်း၊ မွေးဖွားစဉ်နှင့် မွေးဖွားပြီးအချိန်များတွင် ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းများကို ပုဂ္ဂလိကလုပ်ငန်းအဖြစ် ဆောင် ရွက်ရန် သတ်မှတ်ထားသည့် အင်္ဂါရပ်များနှင့်အညီ စနစ်တကျ တည်ထောင်ဖွင့်လှစ်သော သားဖွားခန်းကိုဆိုသည်။

(ဋ) **ပုဂ္ဂလိကရောဂါ ရှာဖွေရေးလုပ်ငန်း**ဆိုသည်မှာ ကျန်းမာရေး စစ်ဆေးခြင်း၊ ရောဂါရှာဖွေဖော်ထုတ်ခြင်း သို့မဟုတ် ရောဂါ ကုသခြင်းအတွက် အထောက်အကူပြုသော ရောဂါရှာဖွေရေး ဓာတ်ခွဲလုပ်ငန်း၊ ဓာတ်မှန်ဘက်ဆိုင်ရာရောဂါရှာဖွေရေးလုပ်ငန်း နှင့် အခြားရောဂါ ရှာဖွေရေးလုပ်ငန်းတစ်ရပ်ရပ်ကို ပုဂ္ဂလိက လုပ်ငန်းအဖြစ် ဆောင်ရွက်သော ကျန်းမာရေးလုပ်ငန်းကို ဆိုသည်။

(ဌ) **ပုဂ္ဂလိကသူနာပြုစုရေးဂေဟာ**ဆိုသည်မှာ ရုပ်ပိုင်း သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ဝေဒနာခံစားနေရသူ၊ ကျန်းမာရေးပြန်လည် ထူထောင်ပေးမှု ခံယူသူနှင့် သက်ကြီးရွယ်အိုများအား လက်ခံ၍ သူနာပြုစုစောင့်ရှောက်ခြင်းကို ပုဂ္ဂလိကလုပ်ငန်းအဖြစ် ဆောင် ရွက်ရန် သတ်မှတ်ချက်များနှင့်အညီ စနစ်တကျ တည်ထောင် ဖွင့်လှစ်သော နေရာဌာနကိုဆိုသည်။

(ဍ) **ပုဂ္ဂလိက နယ်လှည့်ကျန်းမာရေးလုပ်ငန်း**ဆိုသည်မှာ ကျန်းမာ ရေးစောင့်ရှောက်မှုပေးသူက လှည့်လည်၍ ကျန်းမာရေး စောင့်ရှောက်မှုတစ်ရပ်ရပ်ကို ပုဂ္ဂလိကလုပ်ငန်းအဖြစ် ဆောင် ရွက်သော ကျန်းမာရေးလုပ်ငန်းကိုဆိုသည်။

(ဎ) **ပုဂ္ဂလိက ကျန်းမာရေးအကျိုးဆောင်လုပ်ငန်း**ဆိုသည်မှာ လူနာ ပို့ဆောင်ခြင်း သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်မှု ခံယူနိုင်ရန် အလို့ငှာ ပြည်တွင်းပြည်ပ ဆက်သွယ်ခြင်းကို ပုဂ္ဂလိကလုပ်ငန်း အဖြစ် ဆောင်ရွက်သော ကျန်းမာရေးလုပ်ငန်းကိုဆိုသည်။

(ဏ) **ပုဂ္ဂလိက အထွေထွေကျန်းမာရေးလုပ်ငန်း**ဆိုသည်မှာ ရုပ်ပိုင်း သို့မဟုတ် စိတ်ပိုင်းဆိုင်ရာအခြေအနေတစ်ရပ်ရပ်၏ ကျန်းမာ ရေးနှင့်စပ်လျဉ်း၍ လျှပ်စစ်၊အပူ၊အလင်းရောင်ဓာတ်တစ်မျိုးမျိုး သို့မဟုတ် အခြားနည်းတစ်မျိုးမျိုးဖြင့် ကိရိယာတစ်မျိုးမျိုးကို အသုံးပြု၍ဖြစ်စေ၊ အသုံးမပြုဘဲဖြစ်စေ ပုဂ္ဂလိကလုပ်ငန်းအဖြစ် ဆောင်ရွက်သော ကျန်းမာရေးလုပ်ငန်းကို ဆိုသည်။

(တ) **နည်းပညာကျွမ်းကျင်သူ**ဆိုသည်မှာ အစိုးရဌာန၊ အဖွဲ့အစည်း တစ်ခုခုကဖြစ်စေ၊ အစိုးရဌာန အဖွဲ့အစည်းတစ်ခုခု၏ ခွင့်ပြုချက် အရဖြစ်စေ၊ ကျန်းမာရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ နည်းပညာရပ်များကို သင်ကြားပေးရန် ဖွင့်လှစ်သော သင်တန်း၊ ကျောင်း၊ သိပ္ပံ၊ကောလိပ် သို့မဟုတ် တက္ကသိုလ်က အပ်နှင်း သည့် လက်မှတ် ဒီပလိုမာဘွဲ့ သို့မဟုတ် ဒီဂရီရရှိသူကိုဆိုသည်။ ယင်းစကားရပ်တွင် ပြည်ပကအပ်နှင်းပြီး ကျန်းမာရေးဝန်ကြီး ဌာနကလည်း အသိအမှတ်ပြုသည့် လက်မှတ် ဒီပလိုမာဘွဲ့ သို့မဟုတ် ဒီဂရီရရှိသူလည်း ပါဝင်သည်။

(ထ) **တာဝန်ခံပုဂ္ဂိုလ်**ဆိုသည်မှာ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း တစ်ရပ်ရပ်ကို တည်ထောင်သူ၊ ကြီးကြပ်အုပ်ချုပ်သူ သို့မဟုတ် စီမံခန့်ခွဲမှုတာဝန်ကို တာဝန်ခံဆောင်ရွက်သူကို ဆိုသည်။

(ဒ) **ကျန်းမာရေးစောင့်ရှောက်မှုပေးသူ** ဆိုသည်မှာ မြန်မာနိုင်ငံ ဆေးကောင်စီက ထုတ်ပေးသော ဆေးကုသခွင့်လိုင်စင်ကိုဖြစ်စေ၊ သွားနှင့် ခံတွင်းဆိုင်ရာ ဆေးကောင်စီက ထုတ်ပေးသော သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန် မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ကိုဖြစ်စေ၊ သူနာပြုနှင့် သားဖွားကောင်စီက ထုတ်ပေးသော သူနာပြု သို့မဟုတ် သားဖွားလိုင်စင်ကိုဖြစ်စေ ရရှိသူနှင့် နည်းပညာကျွမ်းကျင်သူများကို ဆိုသည်။

(ဓ) **ဗဟိုအဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့ကို ဆိုသည်။

(န) **ကြီးကြပ်ရေးကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေးကော်မတီကို ဆိုသည်။

အခန်း(၂)
ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) နိုင်ငံတော်၏ ကျန်းမာရေး မူဝါဒနှင့်အညီ ပုဂ္ဂလိက ကျန်းမာရေး လုပ်ငန်းများ တိုးတက်ဖြစ်ထွန်းစေရန်၊

(ခ) အမျိုးသား ကျန်းမာရေးစောင့်ရှောက်မှုစနစ်တွင် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများက အစိတ်အပိုင်းတစ်ရပ်အဖြစ် စနစ် တကျ ပါဝင်ဆောင်ရွက်နိုင်စေရန်၊

(ဂ) ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးရာတွင် ပုဂ္ဂလိက ကဏ္ဍ၏ စွမ်းအားအရင်းအမြစ်များကို ထိရောက်စွာ အသုံးပြု နိုင်စေရန်၊

(ဃ) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများ တည်ထောင်ဖွင့်လှစ်ခြင်း အားဖြင့် ပြည်သူများက မိမိတို့၏ ကျန်းမာရေးလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် စိတ်ကြိုက်ရွေးချယ်ခွင့်ရရှိစေရန်၊

(င) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများက ပြည်သူများအတွက် မျှတသောစရိတ်ဖြင့် အရည်အသွေးမြင့်မားသည့် ဝန်ဆောင်မှု ပေးနိုင်စေရန်နှင့် တာဝန်ခံမှုရှိစေရန်။

အခန်း(၃)
ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့ ဖွဲ့စည်းခြင်း

၄။ အစိုးရအဖွဲ့သည်–

(က) ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဒုတိယဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၏ အကြီးအကဲနှင့် ကိုယ်စားလှယ်များ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များက အဖွဲ့ဝင် များအဖြစ်လည်းကောင်း ပါဝင်စေလျက် ၂၀ ဦးထက် မများသော ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းရာတွင် လိုအပ်ပါက အဖွဲ့ဝင်များအနက်မှ သင့်လျော်သည့် ပုဂ္ဂိုလ်ကို တွဲဖက်အတွင်းရေးမှူးအဖြစ် သတ်မှတ် တာဝန် ပေးအပ်နိုင်သည်။

(ဂ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းထားသော ဗဟိုအဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

အခန်း(၄)
ဗဟိုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ ဗဟိုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ ကျန်းမာရေးမူဝါဒနှင့်အညီ လမ်းညွှန်ခြင်း၊

(ခ) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများ၏ အရည်အသွေးထိန်းသိမ်း မြှင့်တင်ရေးအတွက် သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ သက်ဆိုင်ရာတာဝန်ရှိသူများက အကောင်အထည်ဖော် ဆောင်ရွက် စေရန် လမ်းညွှန်ခြင်း၊

(ဂ) ပုဂ္ဂလိက နယ်လှည့်ကျန်းမာရေးလုပ်ငန်း၊ ပုဂ္ဂလိက ကျန်းမာရေး အကျိုးဆောင်လုပ်ငန်းနှင့် ပုဂ္ဂလိက အထွေထွေရောဂါကုဆေးခန်း လုပ်ငန်းများမှအပ အခြားပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ် တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် အဆောက်အအုံသစ် ဆောက် လုပ်ရန် သို့မဟုတ် ပြုပြင်ရန်ကြိုတင်ခွင့်ပြုချက် လျှောက်ထား ခြင်းနှင့်စပ်လျဉ်း၍ ကြိုတင်ခွင့်ပြုချက်ထုတ်ပေးခြင်း သို့မဟုတ် ကြိုတင်ခွင့်ပြုချက် ထုတ်ပေးရန် ငြင်းပယ်ခြင်း၊

(ဃ) ပုဂ္ဂလိကဆေးရုံအမျိုးအစားနှင့် ကုသနိုင်သည့်ရောဂါ အမျိုးအစား သတ်မှတ်ခြင်း၊

(င) ပုဂ္ဂလိက အထွေထွေရောဂါကုဆေးခန်းလုပ်ငန်း လုပ်ကိုင်ခွင့်ပြုရန် လျှောက်ထားခြင်းမှအပ အခြားပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း တစ်ရပ်ရပ်လုပ်ကိုင်ခွင့်ပြုရန် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ် ခြင်း၊

(စ) ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများအား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှု ရှိ၊ မရှိ စစ်ဆေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဆ) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အထူး ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် သင့်လျော်သော ပုဂ္ဂိုလ်များ ပါဝင်သည့် လိုအပ်သောအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်း တာဝန်များ သတ်မှတ်ခြင်း၊

(ဇ) ခေတ်အလျောက်တိုးတက်လာသော ဆေးပညာနှင့် နည်းစနစ် များကို လိုက်နာကျင့်သုံးဆောင်ရွက်ရန် ပုဂ္ဂလိကကျန်းမာရေး လုပ်ငန်းများအား ညွှန်ကြားခြင်း၊

(ဈ) ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများအတွက် လိုအပ်သော အင်္ဂါရပ် များနှင့် လိုအပ်ချက်များကို သတ်မှတ်ခြင်း၊

(ည) ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်များတွင် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေးကော်မတီများ ဖွဲ့စည်း ခြင်းနှင့် လုပ်ငန်းတာဝန်များသတ်မှတ်ခြင်း၊

(ဋ) ကြီးကြပ်ရေးကော်မတီအဆင့်ဆင့်ကတင်ပြသော ကိစ္စရပ်များ ကို အဆုံးအဖြတ်ပေးခြင်း၊

(ဌ) မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ထိရောက်စွာ အကောင် အထည်ဖော်ဆောင်ရွက်နိုင်ရန် လုပ်ငန်းကော်မတီကို ဖွဲ့စည်း ဆောင်ရွက်ခြင်း၊

(ဍ) ပြည်နယ်၊တိုင်း ကြီးကြပ်ရေးကော်မတီ၏ ဆုံးဖြတ်ချက်တစ်ရပ်ရပ် ကို ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ဎ) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများ၏ လိုင်စင်သက်တမ်း၊ လိုင်စင်ခနှင့် လိုင်စင်သက်တမ်း တိုးမြှင့်ခတို့ကို သတ်မှတ်ခြင်း၊

(ဏ) ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုအပ်ပါက ကျန်းမာရေးဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

၆။ ဗဟိုအဖွဲ့သည် လိုအပ်ပါက မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို လုပ်ငန်းကော်မတီအားဖြစ်စေ၊ ကြီးကြပ်ရေးကော်မတီအဆင့်ဆင့်အားဖြစ်စေ၊ အဖွဲ့အစည်း သို့မဟုတ် ဌာနတစ်ခုခုအားဖြစ်စေ လွှဲအပ်၍ ဆောင်ရွက်စေ နိုင်သည်။

အခန်း(၅)
ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများ

၇။ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ပုဂ္ဂလိကဆေးခန်းလုပ်ငန်း
- (၁) ပုဂ္ဂလိက အထွေထွေရောဂါကုဆေးခန်းလုပ်ငန်း၊
- (၂) ပုဂ္ဂလိက အထူးကုဆေးခန်းလုပ်ငန်း၊

(ခ) ပုဂ္ဂလိကဆေးရုံလုပ်ငန်း
- (၁) ပုဂ္ဂလိကအထွေထွေရောဂါကုဆေးရုံလုပ်ငန်း၊
- (၂) ပုဂ္ဂလိက အထူးကုဆေးရုံလုပ်ငန်း၊

(ဂ) ပုဂ္ဂလိက သားဖွားခန်းလုပ်ငန်း၊

(ဃ) ပုဂ္ဂလိက ရောဂါရှာဖွေရေးလုပ်ငန်း၊

(င) ပုဂ္ဂလိက သူနာပြုစုရေးဂေဟာလုပ်ငန်း၊

(စ) ပုဂ္ဂလိက နယ်လှည့်ကျန်းမာရေးလုပ်ငန်း၊

(ဆ) ပုဂ္ဂလိက ကျန်းမာရေးအကျိုးဆောင်လုပ်ငန်း၊

(ဇ) ပုဂ္ဂလိကအထွေထွေကျန်းမာရေးလုပ်ငန်း၊

အခန်း(၆)
ပုဂ္ဂလိကဆေးရုံ၏ အင်္ဂါရပ်များ

၈။ ပုဂ္ဂလိကဆေးရုံသည် အောက်ပါအင်္ဂါရပ်များနှင့် ညီညွတ်ရမည်–

(က) လုံလောက်သော သီးခြားမြေနေရာ အကျယ်အဝန်းရှိခြင်းနှင့် ခွင့်ပြုထားသောနေရာတွင် တည်ဆောက်ခြင်း၊

(ခ) အဆောက်အအုံပုံစံနှင့် အခန်းဖွဲ့စည်းမှုများသည် သတ်မှတ်ထား သော စံများနှင့်ညီညွတ်ခြင်း၊

(ဂ) ဆေးရုံအတွင်း၊ အပြင်နှင့် ပရိဝုဏ်တို့ကို သန့်ရှင်းသပ်ရပ်၍ ကျန်းမာရေးနှင့် ညီညွတ်စေရေးအတွက် စီစဉ်ဆောင်ရွက်ထား ခြင်း၊

(ဃ) သတ်မှတ်ထားသော ကျန်းမာရေးစောင့်ရှောက်မှုပေးသူများဖြင့် ၂၄ နာရီပတ်လုံး တာဝန်ထမ်းဆောင်စေရန် ဆောင်ရွက်ထားခြင်း၊

(င) အရေးပေါ်ပြင်ပလူနာနှင့် အတွင်းလူနာများကို ၂၄ နာရီ ကုသမှုခံယူနိုင်ရန် ဆောင်ရွက်ထားခြင်း၊

(စ) လူနာများကို အရေးပေါ် အသက်ကယ် ကုသစောင့်ရှောက်မှု ပေးနိုင်ခြင်း၊

(ဆ) ပြင်ပလူနာကိုဖြစ်စေ၊ အတွင်းလူနာကိုဖြစ်စေ ခွဲစိတ်ကုသမှု ပြုလုပ်နိုင်ရန် ပိုးမွှားကင်းစင်သည့် အခန်းနှင့် လိုအပ်သော ခွဲစိတ်ပစ္စည်းကိရိယာများထားရှိခြင်း၊

(ဇ) သတ်မှတ်ထားသော စံနှင့်ညီညွတ်သော ပစ္စည်းကိရိယာနှင့် ဆေးဝါးများထားရှိခြင်း၊

(ဈ) ဆေးရုံအတန်းအစားနှင့် အမျိုးအစားအလိုက် ရောဂါရှာဖွေရေး အတွက် ဆောင်ရွက်နိုင်ခြင်း၊

(ည) လူနာညွှန်းပို့မှုစနစ်ရှိခြင်း၊

(ဋ) အန္တရာယ်ကင်းသော သွေးသွင်းကုသမှုအတွက် စီစဉ်ဆောင်ရွက် ထားခြင်း၊

(ဌ) စနစ်ကျသော ဆေးမှတ်တမ်းထိန်းသိမ်းထားရှိခြင်း၊

(ဍ) ဆေးရုံအတန်းအစားနှင့် အမျိုးအစားအလိုက် တာဝန်ခံ ကြီးကြပ် အုပ်ချုပ်မှုစနစ်ရှိခြင်း၊

(ဎ) ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရေး၊ ကူးစက်ရောဂါမပြန့်ပွား စေရေးနှင့် စွန့်ပစ်ပစ္စည်းများကို သတ်မှတ်ထားသော စံနှင့်အညီ စနစ်တကျစွန့်ပစ်ရေးတို့အတွက် ဆောင်ရွက်ထားခြင်း၊

(ဏ) သန့်ရှင်းသော သောက်ရေ၊ သုံးရေလုံလောက်စွာရရှိနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊

(တ) ရေနှင့်မိလ္လာစနစ်ကို စနစ်တကျ တည်ဆောက်ထားခြင်း၊

(ထ) ဘေးအန္တရာယ်ကြိုတင်ကာကွယ်မှုနှင့် အရေးပေါ်ကယ်ဆယ်ရေး အတွက် စနစ်တကျ စီစဉ်ဆောင်ရွက်ထားခြင်း၊

(ဒ) ကောင်းမွန်သော ဆက်သွယ်ရေးစနစ်ရှိခြင်း၊

(ဓ) လျှပ်စစ်မီး ၂၄ နာရီပတ်လုံးရရှိရေးအတွက် စီစဉ်ဆောင်ရွက် ထားခြင်း၊

(န) သေဆုံးလူနာများအတွက် သတ်မှတ်ထားသည့် အစီအစဉ် ဆောင်ရွက်ထားခြင်း၊

(ပ) ဗဟိုအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သည့် အခြားလိုအပ် ချက်များကို ဆောင်ရွက်ထားခြင်း၊

အခန်း(၇)
ပုဂ္ဂလိကဆေးခန်း၏ အ

၉။ ပုဂ္ဂလိကဆေးခန်းသည် အောက်ပါအင်

(က) သင့်လျော်သော အကျယ်အဝန်းရှိသ အခန်းဖြစ်ခြင်း၊

(ခ) အတွင်းလူနာကို လက်ခံခွင့်မရှိဘဲ ပေးခြင်း၊

(ဂ) ဆေးခန်းအတွင်း၊အပြင်တို့တွင် သ ညီညွတ်စေရေးအတွက် စီစဉ်ဆေ

(ဃ) လူနာညွှန်းပို့မှုစနစ်ရှိခြင်း၊

(င) စနစ်ကျသော ဆေးမှတ်တမ်း ထ

(စ) ပတ်ဝန်းကျင်ကိုထိခိုက်မှုမရှိစေ ရေးနှင့် စွန့်ပစ်ပစ္စည်းများကို စန ဆောင်ရွက်ထားခြင်း၊

(ဆ) သန့်ရှင်းသော သောက်ရေ၊ သုံ အတွက် စီစဉ်ဆောင်ရွက်ထားခြ

(ဇ) ရေနှင့်မိလ္လာစနစ်ကို စနစ်တကျ

(ဈ) သတ်မှတ်ထားသော ကျန်းမာရေ လုပ်ငန်းဆောင်ရွက်ခြင်း၊

(ည) ဗဟိုအဖွဲ့က အခါအားလျော်စွာ ချက်များကို ဆောင်ရွက်ထားခြ

အခန်း(၈)
ပုဂ္ဂလိကသားဖွားခန်း၏

၁၀။ ပုဂ္ဂလိက သားဖွားခန်းသည် အောက်ပါအ

(က) သီးခြားပရိဝုဏ်နှင့် သီးခြားအ

(ခ) သားဖွားလူနာများနှင့် မွေးကင်း စောင့်ရှောက်မှုပေးနိုင်ရန် ဆော

(ဂ) သားဖွားခန်း အတွင်း၊အပြင်နှင့် ပ ကျန်းမာရေးနှင့် ညီညွတ်စေရေး ခြင်း၊

(ဃ) လူနာများကို အရေးပေါ်အသက် နိုင်ခြင်း၊

(င) ပြင်ပလူနာကိုဖြစ်စေ၊ အတွင်း ပြုလုပ်နိုင်ရန် ပိုးမွှားကင်းစင်သ ခွဲစိတ်ပစ္စည်းကိရိယာများထားရှိ

(စ) သတ်မှတ်ထားသော စံနှင့်ညီညွ ဆေးဝါးများထားရှိခြင်း၊

(ဆ) လူနာညွှန်းပို့မှုစနစ်ရှိခြင်း၊

(ဇ) အန္တရာယ်ကင်းသော သွေးသွင်းက ထားခြင်း၊

(ဈ) စနစ်ကျသော ဆေးမှတ်တမ်း ထ

(ည) ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေ ရေးနှင့် စွန့်ပစ်ပစ္စည်းများကို သ စနစ်တကျ စွန့်ပစ်ရေးတို့အတွ

(ဋ) သန့်ရှင်းသော သောက်ရေ၊ သုံး အတွက် စီစဉ်ဆောင်ရွက်ထားခြ

(ဌ) ရေနှင့်မိလ္လာစနစ်ကို စနစ်တကျ

(ဍ) ဘေးအန္တရာယ် ကြိုတင်ကာကွယ်မှ အတွက် စနစ်တကျ စီစဉ်ဆော

(ဎ) ကောင်းမွန်သော ဆက်သွယ်ရေ

(ဏ) လျှပ်စစ်မီး ၂၄နာရီပတ်လုံး ရရှိ ထားခြင်း၊

(တ) သတ်မှတ်ထားသော ကျန်းမာရေ လုပ်ငန်းဆောင်ရွက်ခြင်း၊

(ထ) ဗဟိုအဖွဲ့က အခါအားလျော်စွာ ချက်များနှင့်အညီ ဆောင်ရွက်ထ

အခန်း(၉)
ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းအတွ

၁၁။ ပုဂ္ဂလိက နယ်လှည့်ကျန်းမာရေးလုပ်င အကျိုးဆောင်လုပ်ငန်းများမှအပ အခြားပု တစ်ရပ်ရပ်တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် လုပ်လိုသူ သို့မဟုတ် လက်ရှိအဆောက်အအုံကို စည်ပင်သာယာရေးကော်မတီ သို့မဟုတ် စည်ပ ချက်နှင့်အတူ ကြိုတင်ခွင့်ပြုချက်ရရှိရန် အေ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ မြို့ လျှောက်ထားရမည်–

(က) တည်ထောင် ဖွင့်လှစ်မည့် ပုဂ္ဂ

(ခ) တည်ထောင်ဖွင့်လှစ်မည့် လုပ်ငန်း နှင့် လိပ်စာ၊

(ဂ) တည်နေရာ၏ ပတ်ဝန်းကျင်ရှိ

(ဃ) အဆောက်အအုံနှင့် အခန်းဖွဲ့စ

(င) ကျန်းမာရေးစောင့်ရှောက်မှု အစီ

(စ) ဗဟိုအဖွဲ့က အခါအားလျော်စွာ သည့်အချက်များ၊

၁၂။ သက်ဆိုင်ရာ မြို့နယ်ကြီးကြပ်ရေးကော်မ ထားခြင်းကို စိစစ်ပြီး ခရိုင်ကြီးကြပ်ရေးကော် ကြီးကြပ်ရေးကော်မတီသည် ပြည်နယ်၊ တို လည်းကောင်း၊ သဘောထားမှတ်ချက်နှင့်အ

၁၃။ ပြည်နယ်၊ တိုင်း ကြီးကြပ်ရေးကော်မတ ထားခြင်းနှင့် စပ်လျဉ်း၍–

အခန်း(၇)
ပုဂ္ဂလိကဆေးခန်း၏ အင်္ဂါရပ်များ

၉။ ပုဂ္ဂလိကဆေးခန်းသည် အောက်ပါအင်္ဂါရပ်များနှင့် ညီညွတ်ရမည်–
- (က) သင့်လျော်သော အကျယ်အဝန်းရှိသည့် အဆောက်အအုံ သို့မဟုတ် အခန်းဖြစ်ခြင်း၊
- (ခ) အတွင်းလူနာကို လက်ခံခွင့်မရှိဘဲ ပြင်ပလူနာကိုသာ ပြုစုကုသမှုပေးခြင်း၊
- (ဂ) ဆေးခန်းအတွင်း၊အပြင်တို့တွင် သန့်ရှင်းသပ်ရပ်၍ ကျန်းမာရေးနှင့် ညီညွတ်စေရေးအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊
- (ဃ) လူနာညွှန်းပို့မှုစနစ်ရှိခြင်း၊
- (င) စနစ်ကျသော ဆေးမှတ်တမ်း ထိန်းသိမ်းထားရှိခြင်း၊
- (စ) ပတ်ဝန်းကျင်ကိုထိခိုက်မှုမရှိစေရေး၊ ကူးစက်ရောဂါမပြန့်ပွားစေရေးနှင့် စွန့်ပစ်ပစ္စည်းများကို စနစ်တကျ စွန့်ပစ်ရေးတို့အတွက် ဆောင်ရွက်ထားခြင်း၊
- (ဆ) သန့်ရှင်းသော သောက်ရေ၊ သုံးရေ လုံလောက်စွာရရှိနိုင်ရေး အတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊
- (ဇ) ရေနှင့်မိလ္လာစနစ်ကို စနစ်တကျတည်ဆောက်ထားခြင်း၊
- (ဈ) သတ်မှတ်ထားသော ကျန်းမာရေးစောင့်ရှောက်မှုပေးသူများဖြင့် လုပ်ငန်းဆောင်ရွက်ခြင်း၊
- (ည) ဗဟိုအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သည့် အခြားလိုအပ်ချက်များကို ဆောင်ရွက်ထားခြင်း။

အခန်း(၈)
ပုဂ္ဂလိကသားဖွားခန်း၏ အင်္ဂါရပ်များ

၁၀။ ပုဂ္ဂလိက သားဖွားခန်းသည် အောက်ပါအင်္ဂါရပ်များနှင့် ညီညွတ်ရမည်–
- (က) သီးခြားပရိဝုဏ်နှင့် သီးခြားအဆောက်အအုံရှိခြင်း၊
- (ခ) သားဖွားလူနာများနှင့် မွေးကင်းစကလေးများကို ၂၄နာရီ ပြုစုစောင့်ရှောက်မှုပေးနိုင်ရန် ဆောင်ရွက်ထားခြင်း၊
- (ဂ) သားဖွားခန်း အတွင်း၊အပြင်နှင့် ပရိဝုဏ်တို့ကို သန့်ရှင်းသပ်ရပ်၍ ကျန်းမာရေးနှင့် ညီညွတ်စေရေးအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊
- (ဃ) လူနာများကို အရေးပေါ်အသက်ကယ် ကုသစောင့်ရှောက်မှုပေးနိုင်ခြင်း၊
- (င) ပြင်ပလူနာကိုဖြစ်စေ၊ အတွင်းလူနာကိုဖြစ်စေ ခွဲစိတ်ကုသမှုပြုလုပ်နိုင်ရန် ပိုးမွှားကင်းစင်သည့် အခန်းနှင့် လိုအပ်သော ခွဲစိတ်ပစ္စည်းကိရိယာများထားရှိခြင်း၊
- (စ) သတ်မှတ်ထားသော စံနှင့်ညီညွတ်သော ပစ္စည်းကိရိယာနှင့် ဆေးဝါးများထားရှိခြင်း၊
- (ဆ) လူနာညွှန်းပို့မှုစနစ်ရှိခြင်း၊
- (ဇ) အန္တရာယ်ကင်းသော သွေးသွင်းကုသမှုအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊
- (ဈ) စနစ်ကျသော ဆေးမှတ်တမ်း ထိန်းသိမ်းထားရှိခြင်း၊
- (ည) ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရေး၊ ကူးစက်ရောဂါမပြန့်ပွားစေရေးနှင့် စွန့်ပစ်ပစ္စည်းများကို သတ်မှတ်ထားသော စံနှင့်အညီ စနစ်တကျ စွန့်ပစ်ရေးတို့အတွက် ဆောင်ရွက်ထားခြင်း၊
- (ဋ) သန့်ရှင်းသော သောက်ရေ၊ သုံးရေ လုံလောက်စွာ ရရှိနိုင်ရေး အတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊
- (ဌ) ရေနှင့်မိလ္လာစနစ်ကို စနစ်တကျ တည်ဆောက်ထားခြင်း၊
- (ဍ) ဘေးအန္တရာယ် ကြိုတင်ကာကွယ်မှုနှင့် အရေးပေါ် ကယ်ဆယ်ရေး အတွက် စနစ်တကျ စီစဉ်ဆောင်ရွက်ထားခြင်း၊
- (ဎ) ကောင်းမွန်သော ဆက်သွယ်ရေး စနစ်ရှိခြင်း၊
- (ဏ) လျှပ်စစ်မီး ၂၄နာရီပတ်လုံး ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊
- (တ) သတ်မှတ်ထားသော ကျန်းမာရေးစောင့်ရှောက်မှုပေးသူများဖြင့် လုပ်ငန်းဆောင်ရွက်ခြင်း၊
- (ထ) ဗဟိုအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သည့်အခြားလိုအပ်ချက်များနှင့်အညီ ဆောင်ရွက်ထားခြင်း၊

အခန်း(၉)
ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းအတွက် ကြိုတင်ခွင့်ပြုချက်

၁၁။ ပုဂ္ဂလိက နယ်လှည့်ကျန်းမာရေးလုပ်ငန်းနှင့် ပုဂ္ဂလိကကျန်းမာရေး အကျိုးဆောင်လုပ်ငန်းများမှအပ အခြားပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း တစ်ရပ်ရပ်တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် အဆောက်အအုံအသစ် ဆောက်လုပ်လိုသူ သို့မဟုတ် လက်ရှိအဆောက်အအုံကို ပြုပြင်လိုသူသည် သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီ သို့မဟုတ် စည်ပင်သာယာရေးအဖွဲ့၏ထောက်ခံချက်နှင့်အတူ ကြိုတင်ခွင့်ပြုချက်ရရှိရန် အောက်ပါအချက်များ ဖော်ပြပြီး သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ မြို့နယ်ကြီးကြပ်ရေးကော်မတီသို့ လျှောက်ထားရမည်–
- (က) တည်ထောင် ဖွင့်လှစ်မည့် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း၊
- (ခ) တည်ထောင်ဖွင့်လှစ်မည့် လုပ်ငန်း၏ တည်နေရာ၊အကျယ်အဝန်းနှင့် လိပ်စာ၊
- (ဂ) တည်နေရာ၏ ပတ်ဝန်းကျင်ရှိ မြေနှင့်အဆောက်အအုံများ၊
- (ဃ) အဆောက်အအုံနှင့် အခန်းဖွဲ့စည်းပုံ၊
- (င) ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်၊
- (စ) ဗဟိုအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သော အခြားလိုအပ်သည့်အချက်များ၊

၁၂။ သက်ဆိုင်ရာ မြို့နယ်ကြီးကြပ်ရေးကော်မတီသည် ပုဒ်မ၁၁အရ လျှောက်ထားခြင်းကို စိစစ်ပြီး ခရိုင်ကြီးကြပ်ရေးကော်မတီသို့ လည်းကောင်း၊ ခရိုင်ကြီးကြပ်ရေးကော်မတီသည် ပြည်နယ်၊ တိုင်း ကြီးကြပ်ရေးကော်မတီသို့ လည်းကောင်း၊ သဘောထားမှတ်ချက်နှင့်အတူ အဆင့်ဆင့် တင်ပြရမည်။

၁၃။ ပြည်နယ်၊ တိုင်း ကြီးကြပ်ရေးကော်မတီသည် ပုဒ်မ ၁၁အရ လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍–
- (က) ပုဂ္ဂလိက အထွေထွေရောဂါကုဆေးခန်းလုပ်ငန်းမှအပ အခြားပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ် တည်ထောင် ဖွင့်လှစ်နိုင်ရေးအတွက် အဆောက်အအုံအသစ် ဆောက်လုပ်ရန် သို့မဟုတ် လက်ရှိအဆောက်အအုံကို ပြုပြင်ရန် ကြိုတင်ခွင့်ပြုချက်လျှောက်ထားသည့်ကိစ္စဖြစ်ပါက သဘောထားမှတ်ချက်နှင့်အတူ ဗဟိုအဖွဲ့သို့ တင်ပြရမည်။
- (ခ) ပုဂ္ဂလိက အထွေထွေရောဂါကု ဆေးခန်းလုပ်ငန်းတည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် အဆောက်အအုံအသစ် ဆောက်လုပ်ရန် သို့မဟုတ် လက်ရှိအဆောက်အအုံကိုပြုပြင်ရန် ကြိုတင်ခွင့်ပြုချက်လျှောက်ထားသည့်ကိစ္စဖြစ်ပါက စိစစ်ပြီး သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အတူ ကြိုတင်ခွင့်ပြုချက်ထုတ်ပေးခြင်း သို့မဟုတ် ကြိုတင်ခွင့်ပြုချက်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၄။ ဗဟိုအဖွဲ့သည် ပုဒ်မ ၁၃၊ ပုဒ်မခွဲ(က)အရ ပြည်နယ်၊ တိုင်းကြီးကြပ်ရေးကော်မတီက တင်ပြသော ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ် တည်ထောင် ဖွင့်လှစ်နိုင်ရေးအတွက် အဆောက်အအုံအသစ် ဆောက်လုပ်ရန် သို့မဟုတ် လက်ရှိအဆောက်အအုံကို ပြုပြင်ရန် ကြိုတင်ခွင့်ပြုချက် လျှောက်ထားခြင်းကို စိစစ်ပြီး သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် အတူ ကြိုတင်ခွင့်ပြုချက် ထုတ်ပေးခြင်း သို့မဟုတ် ကြိုတင်ခွင့်ပြုချက် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

အခန်း(၁၀)
ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းလိုင်စင်

၁၅။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လိုသူသည် –
- (က) မိမိလုပ်ကိုင်လိုသော ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းအတွက် လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ မြို့နယ်ကြီးကြပ်ရေးကော်မတီသို့ လျှောက်ထားရမည်။
- (ခ) ပုဂ္ဂလိက နယ်လှည့်ကျန်းမာရေးလုပ်ငန်းနှင့် ပုဂ္ဂလိက ကျန်းမာရေးအကျိုးဆောင်လုပ်ငန်းများမှအပ အခြားပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ်အတွက် လိုင်စင်လျှောက်ထားခြင်း ဖြစ်ပါက ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မ ၁၄ အရ ထုတ်ပေးသော ကြိုတင်ခွင့်ပြုချက်ကို ပူးတွဲတင်ပြရမည်။

၁၆။ မြို့နယ်ကြီးကြပ်ရေးကော်မတီသည် ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က)အရ လိုင်စင်လျှောက်ထားခြင်းကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခရိုင်ကြီးကြပ်ရေးကော်မတီသို့လည်းကောင်း၊ ခရိုင်ကြီးကြပ်ရေးကော်မတီသည် ပြည်နယ်၊ တိုင်းကြီးကြပ်ရေးကော်မတီသို့လည်းကောင်း သဘောထားမှတ်ချက်နှင့်အတူ အဆင့်ဆင့်တင်ပြရမည်။

၁၇။ ပြည်နယ်၊ တိုင်း ကြီးကြပ်ရေးကော်မတီသည်–
- (က) ပုဂ္ဂလိက အထွေထွေရောဂါကုဆေးခန်းလုပ်ငန်းမှအပ အခြားပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ် လုပ်ကိုင်ခွင့်ပြုရန် လိုင်စင်လျှောက်ထားချက်ကို သဘောထားမှတ်ချက်နှင့်အတူ ဗဟိုအဖွဲ့သို့ တင်ပြရမည်။
- (ခ) ပုဂ္ဂလိက အထွေထွေရောဂါကုဆေးခန်းလုပ်ငန်း လုပ်ကိုင်ခွင့်ပြုရန် လိုင်စင်လျှောက်ထားခြင်းကို စိစစ်ပြီး သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အတူ လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၁၈။ ဗဟိုအဖွဲ့သည် ပုဒ်မ ၁၇၊ ပုဒ်မခွဲ(က)အရ ပြည်နယ်၊တိုင်း ကြီးကြပ်ရေးကော်မတီက တင်ပြသော လိုင်စင်လျှောက်ထားခြင်းကိုစိစစ်ပြီး သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အတူ လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၁၉။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ်အတွက် လိုင်စင်ရရှိသူသည်–
- (က) လိုင်စင်စည်းကမ်းချက်များကို လိုက်နာရမည်။
- (ခ) ဗဟိုအဖွဲ့ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့က အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။
- (ဂ) ကျန်းမာရေးဆိုင်ရာ အရေးပေါ်လိုအပ်ချက်အရ ကျန်းမာရေးဝန်ကြီးဌာနက ပေးအပ်သော တာဝန်များကို ဆောင်ရွက်ရမည်။

၂၀။ (က) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ်အတွက် လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် မိမိ၏လုပ်ငန်းကို ဆက်လက်လုပ်ကိုင် လိုပါက လိုင်စင်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၆၀ ကြိုတင်၍ လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ မြို့နယ်ကြီးကြပ်ရေးကော်မတီသို့ လျှောက်ထားရမည်။
- (ခ) ဗဟိုအဖွဲ့နှင့် ကြီးကြပ်ရေးကော်မတီအဆင့်ဆင့်သည် ပုဒ်မခွဲ(က) အရ လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် လျှောက်ထားခြင်းများနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၂၁။ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ်အတွက် လိုင်စင်ရရှိသူသည် မိမိရရှိသောလိုင်စင်ကို အခြားသူတစ်ဦးဦးအား လွှဲပြောင်းခြင်းသို့မဟုတ် ငှားရမ်းခြင်းပြုလိုပါက သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးပိုင်ခွင့်ရှိသော ဗဟိုအဖွဲ့ သို့မဟုတ် ပြည်နယ်၊ တိုင်း ကြီးကြပ်ရေးကော်မတီသို့ သတ်မှတ်ချက်များနှင့် အညီ လျှောက်ထားရမည်။

အခန်း (၁၁)
ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်း အရည်အသွေးထိန်းသိမ်းမြှင့်တင်ခြင်း

၂၂။ ဗဟိုအဖွဲ့သည် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများ၏ အရည်အသွေးကို ထိန်းသိမ်းမြှင့်တင်နိုင်ရေးအတွက် သင့်လျော်သော ကျွမ်းကျင်ပညာရှင်များ ပါဝင်သည့် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်း အရည်အသွေးထိန်းသိမ်းမြှင့်တင်ရေး အဖွဲ့များကို ဖွဲ့စည်းနိုင်သည်။

၂၃။ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်း အရည်အသွေးထိန်းသိမ်းမြှင့်တင်ရေး အဖွဲ့များသည် ဗဟိုအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ ပုဂ္ဂလိကကျန်းမာရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို စစ်ဆေးပြီး ဗဟိုအဖွဲ့သို့ တင်ပြရမည်–
- (က) ကျန်းမာရေးစောင့်ရှောက်မှု ပေးသူဦးရေ၊ ယင်းတို့၏အရည်အချင်းနှင့် ပစ္စည်းကိရိယာများ ပြည့်စုံခြင်း ရှိ၊ မရှိ၊
- (ခ) ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ဘာသာရပ်ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းတို့က လုပ်ငန်းအသီးသီးအတွက် သတ်မှတ်ထားသည့် ကျင့်စဉ်များနှင့်အညီ ဆောင်ရွက်ခြင်း ရှိ၊မရှိ၊
- (ဂ) ကျန်းမာရေးလုပ်ငန်း ဆောင်ရွက်ရာတွင် အရည်အသွေးမြင့်မားရေးအတွက် အစီအမံများကို သတ်မှတ်ချက်များနှင့်အညီ စီစဉ်ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ၊
- (ဃ) သက်ဆိုင်ရာ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း ဆောင်ရွက်မှုကြောင့် ကျန်းမာရေး စောင့်ရှောက်မှုပေးသူ၊ လူနာ၊ အများပြည်သူ နှင့် ပတ်ဝန်းတို့အား ကျန်းမာရေးအန္တရာယ် မဖြစ်ပေါ်စေရေးနှင့် ကူးစက်ရောဂါမပြန့်ပွားစေရေးတို့အတွက် ကြပ်မတ်ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ၊
- (င) ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် စပ်လျဉ်း၍ ကျန်းမာရေး စောင့်ရှောက်မှုခံယူသူများက ကျေနပ်မှု ရှိ၊ မရှိ၊
- (စ) ကျန်းမာရေး စောင့်ရှောက်မှုပေးသူများ၏ လုပ်ငန်းခွင်အခြေအနေနှင့် စပ်လျဉ်း၍ ကျေနပ်ဖွယ် ရှိ၊ မရှိ၊
- (ဆ) ဗဟိုအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သော စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိ၊

၂၄။ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်း အရည်အသွေးထိန်းသိမ်းမြှင့်တင်ရေးအဖွဲ့များနှင့် ကြီးကြပ်ရေးကော်မတီအဆင့်ဆင့်တို့သည် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများ၏ အရည်အသွေးကို ထိန်းသိမ်းမြှင့်တင်ရေးအတွက် သက်ဆိုင်ရာတာဝန်ခံပုဂ္ဂိုလ်နှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးသူတို့အား လိုအပ်သည်များကို ညွှန်ကြားနိုင်သည်။

အခန်း(၁၂)
တာဝန်ခံပုဂ္ဂိုလ်နှင့် ကျန်းမာရေး စောင့်ရှောက်မှုပေးသူတို့၏ တာဝန်ဝတ္တရားများ

၂၅။ တာဝန်ခံပုဂ္ဂိုလ်နှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးသူတို့၏ တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်သည်–
- (က) လူနာ၏ ကျန်းမာရေးလိုအပ်ချက်ကို အဓိကထား၍ ဆောင်ရွက်ခြင်း၊
- (ခ) ဗဟိုအဖွဲ့ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့က ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း၊
- (ဂ) ကျန်းမာရေးနှင့် သက်ဆိုင်သည့် တည်ဆဲဥပဒေ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း၊
- (ဃ) ခေတ်အလျောက် တိုးတက်လာသော ဆေးပညာနှင့် နည်းစနစ်များကို ဗဟိုအဖွဲ့၏ ညွှန်ကြားချက်များနှင့်အညီ လိုက်နာကျင့်သုံးဆောင်ရွက်ခြင်း၊
- (င) ကျန်းမာရေးဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ထားသော ကူးစက်မြန်ရောဂါများနှင့် မှုခင်းဆိုင်ရာကိစ္စရပ်များကို ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း၊
- (စ) လူနာ၏အကျိုးကို ရှေးရှု၍ လိုအပ်ပါက သက်ဆိုင်ရာပညာရှင်၊ဌာနနှင့် ဆေးရုံများသို့ အချိန်မီညွှန်းပို့ခြင်း၊
- (ဆ) မည်သည့်အရေးပေါ်လူနာကိုမဆို အသက်ကယ်လုပ်ငန်းများ ဆောင်ရွက်ကုသပေးခြင်းနှင့် လိုအပ်ပါက ညွှန်းပို့ခြင်း၊
- (ဇ) အများပြည်သူအတွက် မျှတသော ဝန်ဆောင်ခဖြင့် အရည်အသွေးမြင့်မားသော ဝန်ဆောင်မှုပေးခြင်း၊
- (ဈ) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း အရည်အသွေး ထိန်းသိမ်းမြှင့်တင်ရေးအဖွဲ့နှင့် ကြီးကြပ်ရေးကော်မတီ အဆင့်ဆင့်တို့၏ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခြင်း၊
- (ည) ကျန်းမာရေးစောင့်ရှောက်မှုခံယူသူ၏ မကျေနပ်မှုကို ဖြေရှင်းပေးနိုင်ရန် အစီအစဉ်များ ချမှတ်ထားရှိခြင်း၊
- (ဋ) ဆေးရုံအရွယ်အစားနှင့် အမျိုးအစားအလိုက် လိုအပ်သော စီမံခန့်ခွဲရေးအဖွဲ့ငယ်၊ အရည်အသွေး ထိန်းသိမ်းမြှင့်တင်ရေးအဖွဲ့ငယ်နှင့် အခြားလိုအပ်သောအဖွဲ့ငယ်များကို ဖွဲ့စည်းဆောင်ရွက်ခြင်း၊
- (ဌ) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းက တရားဝင်တောင်းခံလာသည်မှအပ လူနာ၏ ကျန်းမာရေးဆိုင်ရာ အတွင်းရေးကိစ္စကို လျှို့ဝှက်ထိန်းသိမ်းထားရှိခြင်း၊
- (ဍ) လူနာများကို အသုံးပြု၍ သုတေသနပြုရန် လိုအပ်ပါက ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက် ရယူဆောင်ရွက်ခြင်း၊
- (ဎ) သတ်မှတ်ထားသော အခွန်အခများကို မှန်ကန်စွာပေးဆောင်ခြင်း၊
- (ဏ) သက်ဆိုင်ရာ လိုင်စင်အရ ခွင့်ပြုထားသော ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း လုပ်ကိုင်သည့်နေရာတွင် ခွင့်ပြုချက် သို့မဟုတ် လိုင်စင်မရှိဘဲ အခြားလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ခြင်းမှ ရှောင်ကြဉ်ခြင်း၊

အခန်း(၁၃)
စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၆။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းလိုင်စင်ရရှိသူက ပုဒ်မ ၁၉ ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်လျှင် သို့မဟုတ် ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်သဖြင့် ပြစ်ဒဏ်စီရင်ခြင်းခံရလျှင်သော် လည်းကောင်း၊ တာဝန်ခံပုဂ္ဂိုလ်က ပုဒ်မ ၂၅ ပါ တာဝန်ဝတ္တရားတစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင်သော်လည်းကောင်း သက်ဆိုင်ရာ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းအတွက် လိုင်စင်ထုတ်ပေးပိုင်ခွင့်ရှိသော ဗဟိုအဖွဲ့နှင့် ပြည်နယ်၊ တိုင်းကြီးကြပ်ရေးကော်မတီတို့သည် သက်ဆိုင်ရာ လိုင်စင်ရရှိသူအား အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်–
- (က) သတိပေးခြင်း၊
- (ခ) သတ်မှတ်ထားသော ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊
- (ဂ) လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊
- (ဃ) လိုင်စင်ကို ပယ်ဖျက်ခြင်း၊

၂၇။ ပုဒ်မ ၂၆အရ အရေးယူဆောင်ရွက်သော ဗဟိုအဖွဲ့ သို့မဟုတ် ပြည်နယ်၊ တိုင်း ကြီးကြပ်ရေးကော်မတီသည် ကျန်းမာရေးစောင့်ရှောက်မှုပေးသူက ပုဒ်မ ၂၅ ပါ တာဝန်ဝတ္တရားတစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ မြန်မာနိုင်ငံ ဆေးကောင်စီ၊ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ သို့မဟုတ် သူနာပြုနှင့် သားဖွားကောင်စီသို့ အကြောင်းကြားရမည်။

အခန်း(၁၄)
အယူခံခြင်း

၂၈။ ပြည်နယ်၊ တိုင်း ကြီးကြပ်ရေးကော်မတီက ပုဒ်မ ၂၆ အရ ချမှတ်သော စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ ဤဥပဒေအရ ချမှတ်သော အခြားအမိန့်တစ်ရပ်ရပ်ကိုသော်လည်းကောင်း မကျေနပ်သူသည် အဆိုပါ အမိန့်ချမှတ်သည့် နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ဗဟိုအဖွဲ့သို့ အယူခံနိုင်သည်။

၂၉။ ဗဟိုအဖွဲ့သည် ပုဒ်မ ၂၈ အရ အယူခံမှုတွင် ပြည်နယ်၊ တိုင်း ကြီးကြပ်ရေးကော်မတီက ချမှတ်သော အမိန့်တစ်ရပ်ကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အတည်ပြုခြင်းပြုနိုင်သည်။

၃၀။ ဥပဒေအရချမှတ်သော ဗဟိုအဖွဲ့၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

အခန်း(၁၅)
ပြစ်မှုနှင့်ပြစ်ဒဏ်

၃၁။ မည်သူမဆို ပုဂ္ဂလိကဆေးရုံလုပ်ငန်းကို လိုင်စင်မရှိဘဲ လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ထောင်ဒဏ် တစ်နှစ်မှ အများဆုံး ထောင်ဒဏ် ငါးနှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၃၂။ မည်သူမဆို ပုဂ္ဂလိကသားဖွားခန်းလုပ်ငန်း သို့မဟုတ် ပုဂ္ဂလိကဆေးခန်းလုပ်ငန်းကို လိုင်စင်မရှိဘဲ လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ထောင်ဒဏ် ခြောက်လမှ အများဆုံး ထောင်ဒဏ် သုံးနှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၃၃။ မည်သူမဆို ပုဂ္ဂလိကဆေးရုံလုပ်ငန်း၊ ပုဂ္ဂလိကသားဖွားခန်းလုပ်ငန်းနှင့် ပုဂ္ဂလိကဆေးခန်းလုပ်ငန်းတို့မှအပ အခြားပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ်ကို လိုင်စင်မရှိဘဲ လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံးထောင်ဒဏ် သုံးလမှ အများဆုံး ထောင်ဒဏ် တစ်နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၃၄။ လိုင်စင်ရရှိသူမည်သူမဆို–
- (က) ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းကို အကြောင်းပြု၍ သက်ဆိုင်ရာ လိုင်စင်အရ ခွင့်ပြုထားသော လုပ်ငန်းလုပ်ကိုင်သည့် နေရာတွင် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တားမြစ်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ▲

▲ စာမျက်နှာ ၉ မှ

ထားသည့် ကိစ္စရပ်မှအပ အခြားလုပ်ငန်း တစ်ရပ်ရပ်ကို ခွင့်ပြုချက် သို့မဟုတ် လိုင်စင်မရှိဘဲ လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံးထောင်ဒဏ် တစ်နှစ်မှ အများဆုံး ထောင်ဒဏ် ငါးနှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

(ခ) ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းကိုအကြောင်းပြု၍ သက်ဆိုင်ရာ လိုင်စင်အရ ခွင့်ပြုထားသော လုပ်ငန်းလုပ်ကိုင်သည့်နေရာတွင် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တားမြစ်ထားသည့်ကိစ္စရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက သက်ဆိုင်ရာ တည်ဆဲဥပဒေအရ အရေးယူခြင်းခံရမည်။

၃၅။ လိုင်စင်ရရှိသူမည်သူမဆို ဤဥပဒေအရ မိမိရရှိသောလိုင်စင်ကို သက်ဆိုင်ရာ လိုင်စင် ထုတ်ပေးပိုင်ခွင့်ရှိသော ဗဟိုအဖွဲ့ သို့မဟုတ် ပြည်နယ်၊ တိုင်းကြီးကြပ်ရေးကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ အခြားသူတစ်ဦးဦးအား လွှဲပြောင်းကြောင်း သို့မဟုတ် ငှားရမ်းကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

အခန်း(၁၆)

အထွေထွေ

၃၆။ ကျန်းမာရေးဝန်ကြီးဌာနသည်-

(က) ဗဟိုအဖွဲ့နှင့် ဤဥပဒေအရ ဗဟိုအဖွဲ့က ဖွဲ့စည်းသော အခြားအဖွဲ့အစည်းများ၏ ကုန်ကျစရိတ်ကို ကျခံရမည်။

(ခ) ဗဟိုအဖွဲ့နှင့် ကြီးကြပ်ရေးကော်မတီအဆင့်ဆင့်တို့က ရုံးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် စီစဉ်ပေးရမည်။

၃၇။ ဤဥပဒေအာဏာမတည်မီက ၁၉၇၂ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေအရ မှတ်ပုံတင်ခဲ့ပြီးသော ကိုယ်ပိုင်ဆေးကုဂေဟာ ဖွင့်လှစ်သည့်လုပ်ငန်းကို လုပ်ကိုင်သူသည် မိမိ၏လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက ဤဥပဒေ အာဏာတည်သည့်နေ့ရက်မှ ရက်ပေါင်း ၉၀အတွင်း သတ်မှတ်ချက်များနှင့်အညီ ယာယီလိုင်စင်ကို လျှောက်ထားရမည်။ ထို့ပြင်-

(က) ပုဂ္ဂလိကဆေးရုံလုပ်ငန်း သို့မဟုတ် ပုဂ္ဂလိကသားဖွားခန်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ခြင်းဖြစ်လျှင် ဤဥပဒေအရ သတ်မှတ်ထားသည့် သက်ဆိုင်ရာအင်္ဂါရပ်များနှင့် လိုအပ်ချက်များကို ပြည့်စုံစွာဆောင်ရွက်ပြီး ဤဥပဒေ အာဏာတည်သည့်နေ့ရက်မှ တစ်နှစ်အတွင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုင်စင်ကိုလျှောက်ထားရမည်။

(ခ) ပုဂ္ဂလိက အထူးကုဆေးခန်းလုပ်ငန်း သို့မဟုတ် ပုဂ္ဂလိကရောဂါရှာဖွေရေးလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ခြင်းဖြစ်လျှင် ဤဥပဒေအရ သတ်မှတ်ထားသည့် သက်ဆိုင်ရာအင်္ဂါရပ်များနှင့် လိုအပ်ချက်များကို ပြည့်စုံစွာဆောင်ရွက်ပြီး ဤဥပဒေအာဏာတည်သည့် နေ့ရက်မှကိုးလအတွင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုင်စင်လျှောက်ထားရမည်။

(ဂ) ပုဒ်မခွဲ (က)နှင့် ပုဒ်မခွဲ(ခ)ပါ လုပ်ငန်းများမှအပ အခြားပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ဆောင်ရွက်ခြင်းဖြစ်လျှင် ဤဥပဒေအရ သတ်မှတ်ထားသည့် သက်ဆိုင်ရာ အင်္ဂါရပ်များနှင့် လိုအပ်ချက်များကို ပြည့်စုံစွာဆောင်ရွက်ပြီး ဤဥပဒေအာဏာတည်သည့်နေ့ရက်မှ ခြောက်လအတွင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုင်စင်လျှောက်ထားရမည်။

၃၈။ ဗဟိုအဖွဲ့သည်အများပြည်သူအကျိုးငှာ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ်အား ဤဥပဒေပါ ပြဋ္ဌာန်းချက်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ကာလကန့်သတ်ချက်ဖြင့် ကင်းလွတ်ခွင့်ပြုနိုင်သည်။

၃၉။ (က) ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းတစ်ခုခုတွင် သက်ဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ် သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်မှုပေးသူ၏ ပေါ့လျော့စွာဆောင်ရွက်မှုကြောင့် နစ်နာသူသည် မိမိ၏ နစ်နာမှုအတွက် နစ်နာကြေးရရှိရန် သက်ဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ် သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်မှုပေးသူအား တရားမ နစ်နာမှုဥပဒေ (Law of Tort) အရ စွဲဆိုနိုင်ခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ(က)အရ စွဲဆိုခြင်းခံရသော တာဝန်ခံပုဂ္ဂိုလ် သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်မှုပေးသူသည် သက်ဆိုင်ရာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်မရှိစေရ။

၄၀။ ဤဥပဒေ အာဏာမတည်မီက ကိုယ်ပိုင်ဆေးကုဂေဟာများနှင့် စပ်လျဉ်း၍ ၁၉၇၂ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေအရ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့က ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးဆောင်ရွက်နိုင်သည်။

၄၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် တိုင်းရင်းဆေးပညာကို အသုံးပြု၍ ကုသသော ပုဂ္ဂလိကတိုင်းရင်းဆေးရုံ၊ ပုဂ္ဂလိက တိုင်းရင်းဆေးခန်းများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၄၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုအဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့သည် လိုအပ်သော လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း၊ ကျန်းမာရေးဦးစီးဌာနသည် လိုအပ်သောအမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သန်းဌေး အခြေခံပညာမူလတန်းကျောင်းများသို့ ကျောင်းသုံးပုံနှိပ်စာအုပ်များ ပေးအပ်လှူဒါန်းပွဲများသို့ တက်ရောက်အားပေး

နေပြည်တော် ဧပြီ ၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သန်းဌေးသည် မတ် ၃၁ ရက် ညနေပိုင်းက ဧရာဝတီတိုင်း ကြံခင်းမြို့နယ်၊ ပန်းရုံစုကျေးရွာ အခြေခံပညာမူလတန်းကျောင်းနှင့် သမ္ဗရာအင်းလေးကျေးရွာ အခြေခံပညာမူလတန်းကျောင်းများ၌ ကျင်းပသော ကျောင်းသုံးပုံနှိပ်စာအုပ်များလှူဒါန်းပွဲကို တက်ရောက်၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် ကြံခင်းမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မြို့နယ်အသင်းအတွင်းရေးမှူးများနှင့် အမှုဆောင်များ၊ ရပ်ကွက်၊ ကျေးရွာ စည်းရုံးရေးမှူးများအား တွေ့ဆုံ၍ အသင်းဆိုင်ရာကိစ္စများ ဆွေးနွေးမှာကြားပြီး နွေရာသီသင်တန်းများတွင် အသုံးပြုရန် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

လက်ခံ

ဗဟိုအလုပ်အမှုဆောင်သည် ဧပြီ ၁ ရက်တွင် ဧရာဝတီတိုင်း၊ မြန်အောင်မြို့နယ် ငပိဆိပ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသော အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာဆင့်ပွား သင်တန်းဖွင့်ပွဲ၊ အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲနှင့် အခြေခံပညာမူလတန်းကျောင်းသုံး ပုံနှိပ်စာအုပ်များပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ကျေးရွာစည်းရုံးရေးမှူး ဦးဝင်းမြင့်က အသင်းဝင်အဆိုပြုလွှာများပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင်က လက်ခံသည်။

ဆက်လက်၍ ကျေးရွာသုတရတနာစာကြည့်တိုက်အတွက် အလှူရှင်များက စာအုပ်များ လှူဒါန်းသည်။

ထို့နောက် အသင်းတွဲဖက် အတွင်းရေးမှူးက မူလတန်းကျောင်းသုံး ပုံနှိပ်စာအုပ်များကို ကျောင်းအုပ်ဆရာကြီးထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် မြန်အောင်မြို့နယ် သခွတ်ကွင်းကျေးရွာနှင့် ကွင်းကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်းများ၌ ကျင်းပသော ကျောင်းသုံးပုံနှိပ်စာအုပ်များလှူဒါန်းပွဲသို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။

ထို့နောက် ကျေးရွာစည်းရုံးရေးမှူးများက သက်ဆိုင်ရာ ကျောင်းအုပ်များထံ စာအုပ်များကို ပေးအပ်လှူဒါန်းကြသည်။

ကြည့်ရှုစစ်ဆေး

ဗဟိုအလုပ်အမှုဆောင်သည် မွန်းလွဲပိုင်းတွင် မြန်အောင်မြို့နယ် ထောက်ကြန့်ကွင်း ကျေးရွာနှင့်မြန်အောင်-အင်ပင်ကားလမ်းပေါ်ရှိ ဆင်ကျုံးကွင်းရွာတို့ကို ဆက်သွယ်သော အရှည် နှစ်မိုင်လေးဖာလုံ ၁၄ ပေအကျယ်ရှိ ဆင်ကျုံးကွင်း-နှောကုန်း- မဲဇလီကွင်း-ထောက်ကျန့်ကွင်း ကျေးရွာချင်းဆက် မြေသားလမ်းကျောက်ခင်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် မြန်အောင်မြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မြို့နယ်အသင်း အတွင်းရေးမှူးများနှင့် အမှုဆောင်များ၊ ရပ်ကွက်၊ ကျေးရွာစည်းရုံးရေးမှူးများအား တွေ့ဆုံ၍ အသင်းဆိုင်ရာကိစ္စများ ဆွေးနွေးမှာကြားပြီး နွေရာသီသင်တန်းများတွင် အသုံးပြုရန် အလှူငွေများ ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လှူဒါန်း

ဒိန်းမတ်နိုင်ငံမှ Mr. Gunter Volkman က ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ အမေရိကန်ဒေါ်လာ ၃၅၀၀ တန်ဖိုးရှိ နားကြားအထောက်အကူကိရိယာများလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။ (က-ပ)

ထူးခြားသည့် နေ့အပူချိန်များ

၅-၄-၂၀၀၇

မင်းဘူး
၄၄ ဒီဂရီစင်တီဂရိတ်
(၁၁၁ ဒီဂရီဖာရင်ဟိုက်)

မုံရွာ၊ ညောင်ဦး ချောက်နှင့်မကွေး
၄၂ ဒီဂရီစင်တီဂရိတ်
(၁၀၈ ဒီဂရီ ဖာရင်ဟိုက်)

ရန်ကုန်
၃၈ ဒီဂရီစင်တီဂရိတ်
(၁၀၁ ဒီဂရီဖာရင်ဟိုက်)

ခေတ်မီအမှိုက်သယ်ယာဉ်များစနစ်တကျသုံးစွဲနိုင်ရေး လေ့ကျင့်

ရန်ကုန် ဧပြီ ၅

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ရန်ကုန်မြို့တော် သန့်ရှင်းသာယာရေးလုပ်ငန်းများတွင်အသုံးပြုရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့မှထုတ်လုပ်သည့် Dongfeng အမျိုးအစား ခေတ်မီဟိုက်ဒရောလစ်စနစ်သုံး အမှိုက်သယ်ယာဉ် အစီး ၂၀နှင့်အတူ အသုံးပြုရသည့် အမှိုက်ကန် ၄၀ အား မှာယူခဲ့သည်။ အထက်ပါအမှိုက်သယ်ယာဉ်သည် အမှိုက်သယ်ခြင်း၊ စွန့်ပစ်ခြင်းတွင် လူအင်အား မလိုသောစနစ်ဖြစ်သည်။ အမှိုက်ကန် အတင်အချ ကျွမ်းကျင်အဆင်ပြေစေရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ယာဉ်မောင်းများအား မင်္ဂလာတောင်ညွှန့်မြို့နယ် ဗိုလ်မင်းရောင်လမ်းရှိ စက်ရုံနှင့် မော်တော်ယာဉ်ဝင်းအတွင်း၌ ဌာနမှူး ဦးမင်းလွင်နှင့် ပညာရှင်များက နေ့စဉ် လက်တွေ့သင်ကြားပေးလျက်ရှိသည်။ (၁၉)

စက်ရုံနှင့် မော်တော်ယာဉ်ဌာနမှူး ဦးမင်းလွင်နှင့် အင်ဂျင်နီယာများ အမှိုက်သယ်ကန်အား အတင်အချကျွမ်းကျင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ယာဉ်မောင်းများအား လက်တွေ့သင်ကြားပေးစဉ်။ (၁၉)

ရေကြောင်းသတိပေးချက်ထုတ်ပြန်

ရန်ကုန် ဧပြီ ၅

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Daewoo E& P Myanmar ရေနံကုမ္ပဏီသည် ရခိုင်ကမ်းလွန် လုပ်ကွက်အမှတ် A(1) နှင့် A(3)တို့၌ ဘူမိနည်းပညာဆိုင်ရာ စူးစမ်းရှာဖွေခြင်း၊ Geotechnical Investigation Survey ကိုတိုင်းတာရေး ရေယာဉ် MV Mariner ဖြင့် ဧပြီ ၁၇ရက်မှ မေ ၃၀ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

Geotechnical Investigation Survey တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်မည့် တည်နေရာများမှာ Point P 1 -a(Shwe) မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၂မိနစ် ၁၄ဒသမ၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၃ မိနစ် ၂၉ဒသမ၅ စက္ကန့်၊ Point P 1 -b(Shwe) မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၁ မိနစ် ၁၈ဒသမ၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၃ မိနစ် ၂၂ဒသမ၇ စက္ကန့်၊ Point P 1 -c (Shew) မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၀ မိနစ် ၃၉ဒသမ၄ စက္ကန့်၊အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၂ မိနစ် ၂၇ဒသမ၃ စက္ကန့်၊ Point Mya Template (Mya North) မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၄ မိနစ် ၄၂ဒသမ၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၅မိနစ် ၁၆ဒသမ၅ စက္ကန့်၊ Point Kyauk Phyu Port မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၆ မိနစ် ၇ဒသမ၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၂မိနစ် ၅၈ဒသမ၅ စက္ကန့်တို့တွင် ဖြစ်သည်။

သို့ဖြစ်၍ ရခိုင်ကမ်းလွန်လုပ်ကွက် အမှတ် A (1)နှင့် A (3)တို့၌ တိုင်းတာရေး ရေယာဉ် MV Mariner ဖြင့် Geotechnical Investigation Survey တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါဧရိယာအတွင်း ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး၊ ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။

(သတင်းစဉ်)

သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တန်ဖိုးမြှင့်စိုက်ပျိုးထုတ်လုပ်မှု နည်းပညာအခြေခံသင်တန်းသို့ တိုင်းမှူးနှင့် ဝန်ကြီးများ တက်ရောက်မှာကြား

နေပြည်တော် ဧပြီ ၅

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရှမ်းပြည်နယ်(တောင်ပိုင်း) တာဝန်ခံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းတို့သည် ဧပြီ ၂ရက် နံနက် ၇နာရီခွဲတွင် တောင်ကြီးမြို့မဈေး တတိယထပ်၌ ဖွင့်လှစ်ထားသော ရှမ်းပြည်နယ်(တောင်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ကုန်စည်ဒိုင်သို့ရောက်ရှိပြီး ကုန်စည်ဒိုင်အတွင်း ရှမ်းပြည်နယ်ထွက် ပဲအမျိုးမျိုးနှင့် သစ်သီးဝလံများ ဈေးနှုန်းသတ်မှတ်ရောင်းချနေမှုနှင့် ကုန်ဈေးနှုန်း သတင်းထုတ်ပြန်ပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါကုန်စည်ဒိုင်မှ တစ်ပြည်လုံးရှိ နေ့စဉ်ကုန်စည်ဈေးနှုန်းများကို အချိန်မီ ထုတ်ပြန်ပေးလျက်ရှိသည့်အပြင် ဒေသခံများက ရောင်းချလိုသောကုန်စည်များကို လည်း ဈေးနှုန်းသတ်မှတ်ပေးခြင်း၊ ဝယ်လိုသူများနှင့် ချိတ်ဆက်ပေးလျက် ရှိကြောင်း သိရသည်။

ယင်းနောက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရှမ်းပြည်နယ်(တောင်ပိုင်း)တာဝန်ခံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းတို့သည် ဧပြီ ၂ရက် နံနက် ၈နာရီတွင် တောင်ကြီးမြို့ မြို့ပတ်လမ်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ရှမ်းရိုးမ ရိပ်သာ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် အခြေခံကြံ့ခိုင်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၀၇)သို့ ရောက်ရှိ၍ တိုင်းမှူးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ဗဟိုအတွင်းရေးမှူးနှင့် ဗဟို အလုပ်အမှုဆောင်တို့က အသီးသီးအမှာစကားပြောကြားကြသည်။ ယင်းနောက် သင်တန်းသား၊သင်တန်းသူများအတွက် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းပြီး သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားကြသည်။

အဆိုပါ အခြေခံကြံ့ခိုင်ရေးသင်တန်း အမှတ်စဉ်(၁/၂၀၀၇)သို့ သင်တန်းသား၊ သင်တန်းသူ ၁၃၁ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လ ဖြစ်သည်။

ထိုမှတစ်ဆင့် တိုင်းမှူး၊ ဝန်ကြီးများနှင့်အဖွဲ့သည် ရှမ်းပြည်နယ် (တောင်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အောက်ထပ်၌ ဖွင့်လှစ်ထားသော Public Access Centre သို့ ရောက်ရှိပြီး Centre မှ အင်တာနက် သတင်းအချက်အလက်များကို ဖမ်းယူခြင်း၊ သတင်းအချက်အလက်များကို ဘာသာပြန်ပြီး စာစောင်ပြုစုကာ အဆိုပါစာစောင်ကို တစ်ပတ်တစ်ကြိမ် ရှမ်းပြည်နယ်အတွင်းရှိဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့ကို ဖြန့်ဝေခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးများသည် နံနက် ၉နာရီတွင် ရှမ်းပြည်နယ် အစည်းအဝေးခန်းမ၌ ကျင်းပသော မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးတင်ပို့သူများအသင်းက ကြီးမှူးဖွင့်လှစ်သော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် တန်ဖိုးမြှင့် စိုက်ပျိုးထုတ်လုပ်မှု နည်းပညာအခြေခံသင်တန်းအမှတ်စဉ် (၃) ဖွင့်ပွဲသို့ တက်ရောက်သည်။

အခမ်းအနားသို့ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံသစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးများက ဟင်းသီးဟင်းရွက်သစ်သီးဝလံများကို ပြည်ပသို့ တိုးမြှင့်တင်ပို့နိုင်အောင်၊ ဈေးကွက်ရရှိအောင် ကြိုးပမ်းရေး၊ စိုက်ပျိုးရေးနည်းပညာ အချက်အလက်များ တိုးတက်မြင့်မားလာစေရေး၊ တန်ဖိုးမြှင့်စိုက်ပျိုးထုတ်လုပ်မှုနည်းပညာများကို ပြည်သူလူထုအတွင်းသို့ ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိအောင် ဆောင်ရွက်ပြီး နိုင်ငံခြားပို့ကုန် စံချိန်မီသော ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို ပြည်သူတစ်ရပ်လုံး ပါဝင်စိုက်ပျိုးလာအောင် စည်းရုံးဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားကြသည်။ ဆက်လက်၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအုန်းသန်းက စိုက်ပျိုးရေးနည်းပညာ တိုးတက်မြင့်မားလာစေရေးအတွက် နည်းပညာဖြန့်ဖြူးပေးမည့် အစီအစဉ်များကို လည်းကောင်း၊ မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းဥက္ကဋ္ဌ ဦးဝင်းအောင်က သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် တန်ဖိုးမြှင့် စိုက်ပျိုးထုတ်လုပ်မှု နည်းပညာသင်တန်း ဖွင့်လှစ်ပေးခဲ့မှု အခြေအနေနှင့် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် ဈေးကွက် အလားအလာတို့ကို လည်းကောင်း ရှင်းလင်းတင်ပြသည်။ ထို့နောက် ရှမ်းပြည်နယ် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးအေးကျော်က ရှမ်းပြည်နယ် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၏ အဆိုပြုစာရင်းကို ရှင်းလင်းဖတ်ကြားသည်။ အဆိုပါ သင်တန်းတွင် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို ပြည်ပသို့ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အဓိကကျသော နည်းပညာအချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့် သိမြင်လာစေရန်ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ရှမ်းပြည်နယ်တောင်ပိုင်း မြို့နယ်များမှ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်သူ သင်တန်းသား၊ သင်တန်းသူ ၈၇ ဦး တက်ရောက်ကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် တောင်ကြီး၊ ကလောကားလမ်းအနီး ရွှေညောင်ကျေးရွာအုပ်စု တာယောကျေးရွာရှိ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်(ကြက်သွန်နီ) စိုက်ကွင်းသို့ ရောက်ရှိကြပြီး ကြက်သွန်နီစိုက်ပျိုးရေးတောင်သူများကို စိုက်ပျိုးသရုပ်ပြပွဲသို့ တက်ရောက်သည်။ တိုင်းမှူး၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် အဖွဲ့အား စိုက်ခင်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီး သောင်းဇော်က ကြက်သွန်နီ စမ်းသပ်စိုက်ပျိုးအောင်မြင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ တိုင်းမှူးနှင့် ဝန်ကြီးတို့က ရာသီဉတုနှင့် မြေဆီသြဇာ ကြွယ်ဝသော ရှမ်းပြည်နယ်(တောင်ပိုင်း) ဒေသတွင် ကြက်သွန်နီ စီးပွားဖြစ် စိုက်ပျိုးကြရန် ဆွေးနွေးမှာကြားသည်။

အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် (ကြက်သွန်နီ)စိုက်ခင်းတွင် တောင်သာ ရွှေဖလားမျိုးကို ဒီဇင်ဘာမှစ၍ စမ်းသပ် စိုက်ပျိုးခဲ့ရာ သုံးလနှင့် ၁၅ရက် အကြာတွင် ကြက်သွန်နီများ အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့သည်။ တစ်ဧက ကုန်ကျစရိတ် ကျပ် ၁၁သိန်း ခြောက်သောင်းကိုးထောင်သာ ကုန်ကျပြီး တစ်ဧက ၄၂၁၃ပိဿာထွက်ရှိကြောင်းနှင့် စိုက်ပျိုးသည်မှ ထုတ်လုပ်ရောင်းချနိုင်သည် အထိ တစ်ပိဿာကုန်ကျစရိတ် ၂၂၈ ကျပ် ကုန်ကျကြောင်းသိရသည်။ ယခုအခါ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် (ကြက်သွန်နီ) စိုက်ခင်းတွင် တိုင်းစစ်ဌာနချုပ်မှ ကြက်သွန်နီ ဧက ၅၀ နှင့် ဒေသခံတောင်သူများက ဧက ၅၀ စိုက်ပျိုး ဖြစ်ထွန်းအောင်မြင်လျက် ရှိကြောင်း သိရသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ရှမ်းပြည်နယ်(တောင်ပိုင်း) တာဝန်ခံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၁ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် ထိဗွာမြောက်ရွာသို့ မွန်းလွဲပိုင်းတွင် ရောက်ရှိပြီး ထိဗွာမြောက်ရွာ ရွာဦးဘုန်းတော်ကြီးကျောင်း၌ ကျေးရွာ ရပ်မိရပ်ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံရာ ဝန်ကြီးက နိုင်ငံတော်က ဒေသကြီး ၂၄ခုဖွံ့ဖြိုးရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းတို့ကို ဆောင်ရွက်ပေးနေမှု အခြေအနေများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ ပြည်သူလူထုနှင့် လက်တွဲ၍ ကျေးရွာများ၏ ပညာရေး၊ ကျန်းမာရေး၊လူမှုရေးကဏ္ဍ အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်ပြီး စံပြကျေးရွာများ ဖြစ်ထွန်းရေး၊ အိမ်၊ခြံ၊မြေနှင့်လယ်ယာကန်သင်းတို့တွင် ဝင်ငွေရ သီးနှံနှင့် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးခြင်းဖြင့် ဝင်ငွေတိုးတက်ရရှိရေး၊ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ဖြင့် ဒို့တာဝန် အရေးသုံးပါးကို ထိန်းသိမ်းကာကွယ်ဆောင်ရွက်ရေး အခြေအနေများ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကျေးရွာဥက္ကဋ္ဌနှင့် ရွာသူရွာသားများ၏ တင်ပြမှုအပေါ် ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြား ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းတို့ Public Access Center တွင် လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

ပျော်ဘွယ်အရှင်ဝိသုဒ္ဓရုံသီ၏ တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၅

မြောက်ဥက္ကလာပမြို့နယ်၊ (မယ်လမုဘုရားအနီး) ဓမ္မသိင်္ဂီ ပျော်ဘွယ်ပရိယတ္တိစာသင်တိုက်နှင့် မင်္ဂလာဒုံမြို့နယ် ဓမ္မသိင်္ဂီပျော်ဘွယ်ပဋိပတ္တိ သာသနာ့ရိပ်သာတို့၏ ပဓာနနာယက၊ ဂန္ထဝါစကပဏ္ဍိတ၊ သဒ္ဓမ္မဇောတိကဓဇ၊ ကမ္မဋ္ဌာနာစရိယ၊ နယ်လှည့်ဓမ္မကထိကဆရာတော် ပျော်ဘွယ်အရှင်ဝိသုဒ္ဓရုံသီသည် ဧပြီ ၉ရက်ညတွင် မြောက်ဥက္ကလာပ က–ရပ်ကွက် လုံးဆိုင်ရာ တုသိတာလမ်းမ အထူးတရားပွဲ၊ ဧပြီ ၁၃ရက်မှ ၁၇ရက်ထိ ဓမ္မသိင်္ဂီပျော်ဘွယ် ပဋိပတ္တိသာသနာ့ရိပ်သာတရားစခန်းပွဲနှင့် ဥပုသ်တရားပွဲ၊ ညတရားပွဲများ၊ ၎င်းရက်များတွင် မြောက်ဥက္ကလာပ (က)ရပ်ကွက် မေယုလမ်းဓမ္မာရုံ အချိန်ပိုင်းတရားစခန်းနှင့် တရားပွဲများ၊ ဧပြီ ၁၈ရက်ညတွင် သန်လျင်မြို့ ဝိသုဒ္ဓါရာမချမ်းမြေ့သာယာအေး စာသင်တိုက်နှစ်ဦးတရားပွဲ၊ ဧပြီ ၁၉ရက်ညတွင် မြောက်ဥက္ကလာပ (က)ရပ်ကွက်၊ ကလျာဏယုဝအသင်း၏ နှစ်ဦးအထူးတရားပွဲ၊ ဧပြီ ၂၀ရက်ညတွင် အင်းစိန်မြို့နယ် မင်းစေတီအထူးတရားပွဲတို့တွင် ဟောကြားပြသမည်ဖြစ်ကြောင်းသိရသည်။

(က–ပ)

ရခိုင်ရိုးရာ သင်္ကြီးပူဇော်ပွဲ

ရန်ကုန် ဧပြီ ၅

ရွှေတိဂုံစေတီတော် ရခိုင်မောင်မယ်တံမြက်လှည်းအသင်းမှ (၁၆)ကြိမ်မြောက် ရခိုင်ရိုးရာ သင်္ကြီးပူဇော်ပွဲကို မြန်မာနှစ်ဆန်းတစ်ရက်၊ (ဧပြီ၁၇ရက်) မွန်းလွဲ ၁နာရီတွင် ရွှေတိဂုံ စေတီတော် အရှေ့ဘက်မုခ်အနီးရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်၍ ရခိုင် သင်္ကြီး အဘိုးအဘွားများအား ဖိတ်ကြားထားကြောင်း သိရသည်။

(က–ပ)

ပဲခူးတွင် စုပေါင်း ဒုလ္လဘ ရဟန်းခံပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၅

ပဲခူးမြို့ ဖိုင်းဂနိုင်းတောင်ပိုင်း မင်္ဂလာလမ်းထိပ်ရှိ ဓမ္မရိပ်သာကျောင်းတိုက်၏ ၃၂ ကြိမ်မြောက် သင်္ကြန်တွင်း စုပေါင်း ဒုလ္လဘရဟန်းခံရှင်ပြုပွဲကို ဧပြီ ၁၂ ရက်မှ ၁၈ရက်ထိ ကျင်းပမည်ဖြစ်ရာ ပဲခူးနာရီစင်ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓ ဖုန်း–၀၅၂–၂၁၇၁၅ ထံတွင် ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။

(က–ပ)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့ ။

၂၀၀၇–ခုနှစ်၊ မတ်လ (၃၁)ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် (၅၅၇၁၇) တိုက် ဖွင့်လှစ်ပြီး ဖြစ်ပါသည်။

ကျေးလက်ပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန်
ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်များကို
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၆–၄–၂၀၀၇ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄:၁၅	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၅	၅။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၅၅	၆။	မျိုးချစ်တပ်မတော်
၅:၂၅	၇။	အလွမ်းတေးပန်းချီချစ်သူဆီ
၅:၃၅	၈။	ခါသင်္ကြန်အဆိုအကများ
၅:၄၅	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	နိုင်ငံတကာသတင်း
၆:၂၀	၁၂။	မိုးလေဝသသတင်း
၆:၂၅	၁၃။	ခါသင်္ကြန်အဆိုအကများ
၆:၃၅	၁၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၅။	စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
၆:၄၅	၁၆။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြစ်တစ်စင်းရဲ့သံစဉ်" (အပိုင်း–၃၇)**
၈:၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။	စိုက်ပျိုးသုတ
	၂၁။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။	**ENGLISH PREMIER LEAGUE ဘောလုံးပွဲ Manchester City Vs Charlton Athletic (Live)**
	၂၃။	သင့်အတွက်မနက်ဖြန်
	၂၄။	အပိတ်နှုတ်ဆက်စကား
	၂၅။	ပြီးပါပြီ။

မြန်မာလိဂ် အဆင့်မြင့်တန်း ကွင်းပိတ်ပြိုင်ပွဲ မေ ၈ ရက်တွင် အောင်ဆန်းကွင်း၌ ကျင်းပမည်

ရန်ကုန် မေ ၅

၂၀၀၆–၂၀၀၇ ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်း ကွင်းပိတ် (ရှုံး/ထွက်)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားကြမည့် စီးပွား/ကူးသန်းအသင်းနှင့် လက်ရှိချန်ပီယံ စွမ်းအင်အသင်းတို့၏ ပွဲစဉ်ကို မူလကျင်းပမည့် မေ ၇ရက်အစား မေ ၈ရက် ညနေ ၃နာရီခွဲ၌ အောင်ဆန်းအားကစားပြိုင်ကွင်းတွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားမည့် စီးပွား/ကူးသန်းအသင်းသည် ပထမအဆင့်၌ တပ်မတော်(ကြည်း)ကို သုံးဂိုး–ဂိုးမရှိဖြင့် လည်းကောင်း၊ ကွာတားဖိုင်နယ်၌ ကမ္ဘောဇကို သုံးဂိုး–ဂိုးမရှိဖြင့်လည်းကောင်း၊ ဆီမီးဖိုင်နယ်၌ လယ်/ဆည်ကို တစ်ဂိုး–ဂိုးမရှိဖြင့် လည်းကောင်း အနိုင်ရရှိကာ တက်လှမ်းလာခြင်းဖြစ်သည်။ ထို့အတူ လက်ရှိချန်ပီယံ စွမ်းအင်အသင်းမှာလည်း ပထမအဆင့်၌ မြန်မာ့မီးရထားကို သုံးဂိုး–တစ်ဂိုးဖြင့် လည်းကောင်း၊ ကွာတားဖိုင်နယ်၌ ဘဏ္ဍာ/အခွန်ကို ပိုင်နယ်တီအဆုံးအဖြတ် လေးဂိုး–သုံးဂိုးဖြင့်လည်းကောင်း၊ ဆီမီးဖိုင်နယ်၌ သစ်တောရေးရာကို သုံးဂိုး–တစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိကာ တက်ရောက်လာခြင်းဖြစ်သည်။ (ကြေးမုံ)

ကချင်ပြည်နယ် ဆင်ဘိုရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ် စတင်ထုတ်လွှင့်

ရန်ကုန် မေ ၅

ရုပ်မြင်သံကြား တိုးချဲ့ထုတ်လွှင့်ရေးအစီအစဉ်အရ ကချင်ပြည်နယ် ဆင်ဘိုရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၀၇ခုနှစ် မတ် ၃၁ရက်တွင် လုပ်ငန်းများပြီးစီးခဲ့သည်။

အဆိုပါ စက်ရုံက လွှင့်အား ဝပ် ၅၀၊ လှိုင်းနှုန်း ၁၀ဖြင့် မေ ၁ရက်မှစတင်၍ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို အရုပ်/အသံ ကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်း ဗန်းမောက်ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ် စတင်ထုတ်လွှင့်

ရန်ကုန် မေ ၅

ရုပ်မြင်သံကြား တိုးချဲ့ထုတ်လွှင့်ရေးအစီအစဉ်အရ စစ်ကိုင်းတိုင်း ဗန်းမောက် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၀၇ခုနှစ် မတ် ၂၇ရက်တွင် လုပ်ငန်းများပြီးစီးခဲ့သည်။

အဆိုပါ စက်ရုံက လွှင့်အား ဝပ် ၁၀၀၊ လှိုင်းနှုန်း ၆ ဖြင့် မတ် ၂၈ရက်မှစတင်၍ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို အရုပ်/အသံ ကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

"သတိပြုရန်"

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းအတွင်း ယာဉ်မောင်းသူများ လိုက်နာရန်–

(၁) မူးယစ်သောက်စား ယာဉ်မမောင်းရ။

(၂) အပျော်လွန်ကျူးစည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။

(၃) မော်တော်ယာဉ်များတွင် အိပ်ဇောပိုက်ဖြုတ်မမောင်းရ။

(၄) ယာဉ်နံပါတ်ပြားမပါရှိဘဲမမောင်းရ။

(၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များတပ်ဆင်ခြင်း လုံးဝမပြုရ။

(၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်း မပြုရ။

(၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗီးတက်) မပါဘဲ မမောင်းရ။

(၈) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။

(၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်း မပြုရ။

(၁၀) ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်မျှ စီးနင်းခြင်း လုံးဝမပြုရ။

(၁၁) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝ မတီးရ။

(ခ) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

(ဂ) သင်္ကြန်ကာလအတွင်း ယာဉ်မောင်းနှင်သူများအား အရက်သေစာ သောက်စားထားခြင်း ရှိ၊ မရှိ အရက်မူးတိုင်းကိရိယာ (Alcohol Tester) ဖြင့် တိုင်းတာစစ်ဆေး၍ အရေးယူ ဆောင်ရွက် သွားပါမည်။

(ဃ) ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွ မီးပွိုင့်များတွင် ခေတ်မီ ပစ္စည်းကိရိယာများဖြစ်သော CCTV Camera, Redlight Camera များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများအား အဆိုပါ ကင်မရာများဖြင့် ရိုက်ကူးပြီး အရေးယူဆောင်ရွက်သွားပါမည်။

(င) **"သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကို အကျည်းတန် မညစ်နွမ်းပါစေနှင့်"**

ရန်ကုန်တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

မော်လမြိုင်ကောလိပ် သတ္တဗေဒ (၁၉၇၅–၇၉) ကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်မည်

ရန်ကုန် မေ ၅

မော်လမြိုင်ကောလိပ်၊ သတ္တဗေဒ (၁၉၇၅–၇၉)ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို မေ ၃၀ ရက်(တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် ဝါးတန်းဇာတ်တား အမှတ်(၁)(၂)ရှိ U CAN စားတော်ဆက် (ယခင်ရေပေါ်ဟိုတယ်)၌ ကျင်းပမည်ဖြစ်၍ ကျောင်းသား၊ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။

အလှူငွေထည့်ဝင်လိုသူ ကျောင်းသား၊ကျောင်းသူဟောင်းများသည် ဦးခင်မောင်လွင်+ဒေါ်မြင့်မြင့်မော် ဖုန်း–၀၁–၇၀၄၇၈၇၊ ၀၉၅၀ ၂၁၈၆၄၊ ဦးလှမြင့်–ဒေါ်တင်တင်ရှိန် ဖုန်း–၀၁–၆၈၀၅၈၉၊ ၀၉၅၁–၂၅၃၈၄၊ ဦးမြင့်ဆွေ ဖုန်း–၀၅၂–၂၁၇၄၂၊ ၀၉၅၃–၀၀၂၅၇၊ ဦးပြုံးချို ဖုန်း–၀၅၂–၂၂၀၈၁၊ ဒေါ်အေးအေးနွယ်(မလေး) ဖုန်း–၀၅၇–၂၅၁၄၇၊ ၀၉၅၃–၂၂၁၀၄၊ ဒေါ်ဝင်းဝင်းဌေး ဖုန်း–၀၅၇–၂၅၀၁၃၊ ၀၉၅၃–၂၀၈၉၆ နှင့် ဦးအောင်ခင် ဖုန်း–၀၅၇–၂၃၀၈၈ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

မျက်စိဝေဒနာရှင်များ အခမဲ့ကုသနိုင်

ရန်ကုန် မေ ၅

ဩစတြေးလျနိုင်ငံမှ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာ တင်မွန်သီဇစ်တာရောဘတ် ဦးဆောင်သောအဖွဲ့သည် မျက်စိဝေဒနာရှင်များအား မေ ၁၀ရက်မှ ၂၀ရက်အထိ ပုပ္ပားတောင်ကလပ် ဇီဝိတဒါန အာရောဂျဆေးရုံ၌ အခမဲ့ဆေးကုသပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆–၄–၂၀၀၇ (သောကြာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ကလေးအထူးတရားပွဲ (ဓမ္မဒူတ အရှင်ဆေကိန္ဒ ဆရာတော်)
၇း၅၀	ခိုင်တိုစန်နည်းပညာသစ်၊ အမှိုက်ထဲကရွှေဖြစ်
၈း၀၅	ခါသင်္ကြန်အဆိုအက
၈း၁၀	Myanmar Video Rhythm
၉း၀၀	ပြည်တွင်းသတင်းအကျဉ်း
၉း၁၀	သဒ္ဓမ္မဇ အာဂမသဘာဝနှစ်ဌာန
၉း၂၅	ခါသင်္ကြန်အဆိုအက
၉း၃၀	နယဉ်ဆန်းထွင်ပန်းအလှဆင် [ယပ်တောင်ပုံ ပန်းအိုးထိုးနည်း(ပန်းအိုးအကြီး)]
၉း၅၀	ခါသင်္ကြန်အဆိုအက
၉း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀	ပျိုမေတို့အလေးထား ထိန်းသိမ်းစရာဆံကေသာ
၁၀း၁၀	ခါသင်္ကြန်အဆိုအက
၁၀း၁၅	Music Talk(ဇော်ဝမ်း)
၁၀း၅၅	မိုးလေဝသခန့်မှန်းချက်
၁၁း၀၀	ဝင်ငွေတိုးစေဖို့ တီးလားပီးယားငါးမွေးကြစို့
၁၁း၁၅	ခါသင်္ကြန်အဆိုအက
၁၁း၂၀	သဘာဝဘေးအန္တရာယ် ကာကွယ်မှုနှင့်မြန်မာနိုင်ငံ (အပိုင်း–၂)
၁၂း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၂း၁၅	ကြည်နူးခံစားကလေးပန်းချီများ(မူကြိုအဆင့်ပလုတ်တုတ် ကလေးပန်းချီပြိုင်ပွဲ)
၁၂း၃၀	ခါသင်္ကြန်အဆိုအက
၁၂း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၄၀	ခါသင်္ကြန်အဆိုအက
၁၂း၄၅	သိစေချင်သည် ICT, (MCC) (Computerised Accounting)
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိတစ်ကြိမ်၊ ည၇နာရီမှ နံနက်၁နာရီအထိတစ်ကြိမ်၊ နံနက် ၁ နာရီမှ ၇ နာရီအထိတစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၀း၁၅	ပွဲကြိုသုံးသပ်ချက်–၁	5-Sports
၁၀း၃၀	ပွဲကြိုသုံးသပ်ချက်–၂	5-Sports(Live)
၁၀း၄၀	Man City-Charlton	5-Sports(Live)
၁၂း၅၅	Everton-Fulham	5-Sports(Live)

ပျဉ်းမနားမြို့နယ်၌မီးလောင်

ရန်ကုန် မေ ၅

မန္တလေးတိုင်း ပျဉ်းမနားမြို့နယ် မင်းကုန်းကျေးရွာအုပ်စု အောင်သပြေကျေးရွာ၌ မေ ၁ ရက်တွင် မီးလောင်မှုဖြစ်ပွားရာ နေအိမ်သုံးလုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း စာရင်းရုံးမိသားစု ဒုတိယအကြိမ် စုပေါင်းသွေးလှူဒါန်း

ရန်ကုန် မေ ၅

ရန်ကုန်တိုင်းစာရင်းရုံး သွေးလှူရှင်ဝန်ထမ်းမိသားစုများ၏ ဒုတိယအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနတွင် ကျင်းပရာ သွေးလှူရှင် ၄၀ တို့ လှူဒါန်းကြသည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲသို့ ညွှန်ကြားရေးမှူး ဦးသိန်းနှင့် ဒုတိယညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ လာရောက်ကြည့်ရှု၍ သွေးလှူရှင် ဝန်ထမ်းများအား အားပေးစကား ပြောကြားကြသည်။**(ဝဲပုံ)** ကျန်းမာရေးဦးစီးဌာန ရန်ကုန်ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နုနုသာနှင့် အမျိုးသားသွေးဌာန တာဝန်ခံ ဒေါက်တာသီတာအောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက သွေးလှူရှင်များအား လိုအပ်သည်များကို ပံ့ပိုးကူညီပေးကြကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

သင်္ကြန်ရက်များအတွင်း ရန်ကုန်မြို့အတွင်း ရေပေးဝေမည့်အစီအစဉ်များ ကြေညာ

ရန်ကုန် မေ ၅

၁၃၆၈ ခုနှစ် မဟာသင်္ကြန်ရက်များအတွင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် အရေးကြီးနယ်မြေများ၌ ၂၄နာရီ ရေပေးဝေထားမည်ဖြစ်ပြီး သင်္ကြန်အကျနေ့ (မေ ၁၄ ရက်)၊ အကြတ်နေ့ (မေ ၁၅ ရက်)နှင့် သင်္ကြန်အတက်နေ့ (မေ ၁၆ရက်)တို့တွင် တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ဗိုလ်တထောင်နှင့် ပုဇွန်တောင်မြို့နယ်တို့၌ ၂၄နာရီ ရေပေးဝေထားမည် ဖြစ်သည်။

ကျောက်တံတား၊ လမ်းမတော်၊ လသာ၊ ဗဟန်း၊ ဒဂုံနှင့် ပန်းဘဲတန်းမြို့နယ်များတွင် နံနက် ၇နာရီမှ နံနက် ၁၁နာရီထိ တစ်ကြိမ်၊ ညနေ ၃နာရီမှ ညနေ ၆နာရီအထိ တစ်ကြိမ် ရေပေးဝေမည်ဖြစ်ပြီး အလုံ၊ ကြည့်မြင်တိုင်နှင့် စမ်းချောင်းမြို့နယ်တို့၌ နံနက် ၇နာရီမှ နံနက် ၉နာရီအထိ ရေပေးဝေသွားမည်ဖြစ်သည်။

မင်္ဂလာဒုံ၊ အင်းစိန်၊ မရမ်းကုန်း၊ ရန်ကင်း၊ ကမာရွတ်၊ လှိုင်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ သဃ်န်းကျွန်း၊ သာကေတနှင့် ဒေါပုံမြို့နယ်တို့၌ မူလရေပေးဝေချိန်အတိုင်း ဆက်လက်ပေးဝေသွားမည်ဖြစ်သည်။ ၁၃၆၈ ခုနှစ် မြန်မာနှစ်ဆန်း(၁)ရက် (မေ ၁၇ ရက်)မှစ၍ မြို့နယ်အားလုံးကို မူလပုံမှန်ရေပေးဝေချိန်အတိုင်း ဆက်လက်ပေးဝေသွားမည်ဖြစ်သည်။

သတ်မှတ် ရေပေးဝေချိန်အတွင်း ရေပိုက်များ အရေးပေါ်ပြင်ဆင်ရန် လိုအပ်ပါက သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံး၌ တာဝန်ချထားသည့် အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု) ဝန်ထမ်းများထံ ဆက်သွယ်အကူအညီ တောင်းခံနိုင်ပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု) ဖုန်း–၂၄၉၆၅၅၊ ၂၄၃၅၅၀၊ ၃၈၂၉၉၀၊ ၆၆၀၃၄၀ တို့သို့ ဆက်သွယ် အကူအညီတောင်းခံနိုင်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ထုတ်ပြန်ကြေညာထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နှစ်သစ်ကူးရုံးပိတ်ရက်များတွင် စက်သုံးဆီအရောင်းဆိုင်များဖွင့်မည်

ရန်ကုန် မေ ၅

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ရန်ကုန်တိုင်းအတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များကို နှစ်သစ်ကူး ရုံးပိတ်ရက်များတွင် (မဟာသင်္ကြန်ရုံးပိတ်ရက်များအပါအဝင်) ပုံမှန်ဖွင့်လှစ်ရောင်းချမည်ဖြစ်ပြီး အခြား ပြည်နယ်၊ တိုင်းများရှိ စက်သုံးဆီအရောင်းဆိုင်များကို မဟာသင်္ကြန်ရက်များမှအပ ကျန်နှစ်သစ်ကူး ရုံးပိတ်ရက်များတွင် ပုံမှန်အတိုင်း ဖွင့်လှစ်ရောင်းချမည်ဖြစ်သည်။ (သတင်းစဉ်)

သင်္ကြန်အထူးရထား ပြေးဆွဲမည်

ရန်ကုန် မေ ၅

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ သင်္ကြန်အထူးရထားတစ်စင်းကို မေ ၇ရက်မှစ၍ ရန်ကုန်–မန္တလေးလမ်းပိုင်း၌ ရက်ခြားပြေးဆွဲပေးသွားမည်ဖြစ်သည်။ အစုန် သင်္ကြန်အထူးရထားကို မန္တလေးမှ မေ ၇၊ ၉၊ ၁၁၊ ၁၇၊ ၁၉၊ ၂၁ ရက်များတွင်လည်းကောင်း၊ အဆန် သင်္ကြန်အထူးရထားကို ရန်ကုန်မှ မေ ၈၊ ၁၀၊ ၁၂၊ ၁၈၊ ၂၀၊ ၂၂ရက်များတွင် လည်းကောင်း ထွက်ခွာပေးမည်ဖြစ်သည်။ လမ်းခရီး၌ ပဲခူး၊ တောင်ငူ၊ ပျဉ်းမနားနှင့် သာစည်ဘူတာများ၌ ရပ်တန့်ပေးမည်ဖြစ်ပြီး အစုန် သင်္ကြန်အထူးရထားကို မန္တလေးမှ နံနက် ၄နာရီထွက်ခွာ၍ ရန်ကုန်သို့ ညနေ ၆ နာရီ ၁၀ မိနစ်တွင် ရောက်ရှိမည်ဖြစ်ပြီး အဆန် သင်္ကြန်အထူးရထားကို ရန်ကုန်မှ နံနက် ၄နာရီခွဲထွက်ခွာ၍ မန္တလေးသို့ ညနေ ၆ နာရီ မိနစ် ၄၀တွင် ရောက်ရှိမည်ဖြစ်သည်။

ရထားလက်မှတ်နှုန်းထားများမှာ ရန်ကုန်–မန္တလေး လမ်းပိုင်းပြေးဆွဲနေသည့် အမှတ်(၅) အဆန်၊ (၆)အစုန် အမြန်ရထားလက်မှတ်ခနှုန်းထားများအတိုင်း အထက်တန်း(အိပ်စင်) ငွေကျပ် ၄၂၅၀၊ အထက်တန်း(ထိုင်ခုံ) ငွေကျပ် ၃၀၉၀၊ ပထမတန်း ငွေကျပ် ၁၉၃၀နှင့် ရိုးရိုးတန်း ငွေကျပ် ၁၅၅၀ ဖြစ်သည်။ ရထားလက်မှတ်များကို ရန်ကုန်–မန္တလေးဘူတာကြီးများ၏ အထက်တန်းလက်မှတ်ရုံများ၌ အခြား အမြန်ရထားများနည်းတူ ကြိုတင်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မွန်ပြည်နယ်၌ ဌာနဆိုင်ရာများနှင့်တွေ့ဆုံ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မွန်ပြည်နယ် ခြံစည်းရိုးကြက်ဆူပျိုးပွဲတွင် ခြံစည်းရိုးကြက်ဆူ ပျိုးကိုင်းနှင့် မျိုးစေ့များကို ပျိုးအိတ်များ၌ ပျိုးထောင်ပေးစဉ်။

(သတင်းစဉ်)

နေပြည်တော် ဧပြီ ၅

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ တပ်မတော်အရာရှိ ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၂ ရက် နံနက် ၇ နာရီခွဲတွင် မော်လမြိုင်မြို့ အောက်ကျင်းရပ်ကွက်ရှိ သာသနာ့မာရ်အောင် ဝဲပျံစာသင်တိုက်သို့ သွားရောက်၍ ဝဲပျံ ဆရာတော် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် တိပိဋကရေ ဩဝါဒ စရိယအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိဇယာဘိဝံသအား ဖူးမြော် ကြည်ညိုသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် တိုင်းမှူးတို့သည် ဝဲပျံဆရာတော်ကြီးအား လှူဖွယ် ပစ္စည်းများ အသီးသီး ဆက်ကပ် လှူဒါန်းကြပြီး ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက သာသနာရေးရာများ လျှောက်ထားသည်။

အမှာစကားပြောကြား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ် ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ ဝင်များသည် မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ မွန်ပြည်နယ်နှင့် မော်လမြိုင် ခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ များနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ များနှင့် လူမှုရေးအသင်းအဖွဲ့ဝင် များအား တွေ့ဆုံ၍ ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာ စကားပြောကြားသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✳

ဖားကန့်မြို့၌ စန္ဒာမုနိ ဆုတောင်းပြည့်စေတီ ရွှေထီးတော်တင်လှူ ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၅

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့၌ တည်ထားကိုးကွယ်သည့် စန္ဒာမုနိ ဆုတောင်းပြည့်စေတီ ရွှေထီးတော်၊ ငှက်မြတ်နား တော်၊ စိန်ဖူးတော်တင်လှူခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားကို ဧပြီ ၁ ရက် နံနက် ၇ နာရီ မိနစ် ၂၀ တွင် အဆိုပါ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ဝန်းသိုကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသီလဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❁

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်တို့ ဖားကန့်မြို့ ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

နေပြည်တော် အထူးရထားပြေးဆွဲမည်

ရန်ကုန် ဧပြီ ၅

နေပြည်တော်၌ တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများ မဟာသင်္ကြန်ရုံးပိတ်ရက်အတွင်း ခရီးသွားလာမှု အဆင်ပြေစေရေး အတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ ရန်ကုန်-ပျဉ်းမနားလမ်းပိုင်းတွင် အထူးရထားများ ပြေးဆွဲပေးမည်ဖြစ်သည်။

ယင်းရထားများမှာ ဧပြီ ၉ ရက်တွင် ပျဉ်းမနား-ရန်ကုန် အထူးရထားတစ်စင်း၊ ဧပြီ ၁၀ ရက်တွင် ပျဉ်းမနား-ရန်ကုန် အထူးရထားတစ်စင်း၊ ရန်ကုန်-ပျဉ်းမနား အထူးရထားတစ်စင်း၊ ဧပြီ ၁၁ ရက်တွင် ပျဉ်းမနား-ရန်ကုန် အထူးရထားတစ်စင်း၊ ရန်ကုန်-ပျဉ်းမနားအထူးရထားတစ်စင်း၊ ဧပြီ ၁၂ ရက်တွင် ပျဉ်းမနား-ရန်ကုန် အထူးရထား နှစ်စင်းနှင့် ဧပြီ ၂၂ ရက်တွင် ရန်ကုန်-ပျဉ်းမနား အထူးရထားသုံးစင်းတို့ ဖြစ်သည်။

ဧပြီ ၉၊ ၁၀၊ ၁၁၊ ၁၂ ရက်တို့တွင် ပျဉ်းမနားမှ ထွက်ခွာမည့် ပျဉ်းမနား-ရန်ကုန် အထူးရထားသည် ပျဉ်းမနားမှ နံနက် ၈နာရီခွဲ တွင် ထွက်ခွာ၍ ရန်ကုန်သို့ ညနေ ၅နာရီ ၁၅မိနစ်တွင် ရောက်ရှိ မည်ဖြစ်ပြီး ဧပြီ ၁၂ရက် ပျဉ်းမနား-ရန်ကုန် ဒုတိယအထူးရထားသည် ပျဉ်းမနားမှ နံနက် ၉နာရီခွဲထွက်၍ ရန်ကုန်သို့ ညနေ ၆ နာရီ ၁၅မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။

ဧပြီ ၂၂ ရက်တွင် ရန်ကုန်မှ ပျဉ်းမနားသို့ အထူးရထား သုံးစင်း ပြေးဆွဲပေးမည်ဖြစ်ရာ ပထမအထူးရထားသည် ရန်ကုန်မှ နံနက် ၈ နာရီထွက်၍ ပျဉ်မနားသို့ ညနေ ၅နာရီ ၁၀မိနစ်တွင် လည်းကောင်း၊ ဒုတိယအထူးရထားသည် ရန်ကုန်မှ နံနက် ၉နာရီ တွင် ထွက်ခွာ၍ ပျဉ်းမနားသို့ ညနေ ၅နာရီ ၄၅မိနစ်တွင်လည်း ကောင်း၊ တတိယအထူးရထားသည် ရန်ကုန်မှ နံနက် ၁၀နာရီ ထွက်ခွာ၍ ပျဉ်းမနားသို့ ညနေ ၆နာရီ ၄၅မိနစ်တွင် လည်းကောင်း ရောက်ရှိမည်ဖြစ်သည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ●